# ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၅၀၇ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၃၅ ဦး အကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၁၅၅ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၃၁၇ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။

**အင်တာနက်ပြန်ဖွင့်ပေးရန် ဆန္ဒထုတ်ဖော်ခဲ့သည့်**
**ရခိုင်ကျောင်းသားသမဂ္ဂအဖွဲ့ဝင် နှစ်ဦး ထောင်ဒဏ်ချမှတ်ခြင်းခံရ**



ဓာတ်ပုံ– ရခိုင်ကျောင်းသားများသမဂ္ဂ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ


**Assistance Association for Political Prisoners (AAPP)**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**

No.(75), 33 Extension Ward, Oakthaphayar Street, Dagon Myothit (North), Yangon, Myanmar
E-mail: info@aappb.org Website: www.aappb.org


အင်တာနက်စာမျက်နှာ   တွစ်တာစာမျက်နှာ   လူမှုကွန်ရက်စာမျက်နှာ

မာတိကာ

တစ်လအတွင်းသုံးသပ်ချက် .......... 3
နိုင်ငံရေးအကျဉ်းသားများ .......... 8
ဖမ်းဆီးခံရခြင်းများ .......... 8
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဖမ်းဆီးမှုများ .......... 10
တရားစွဲဆိုခံရခြင်းများ .......... 13
တရားရင်ဆိုင်ရခြင်းများ .......... 13
ပြစ်ဒဏ်ချမှတ်ခံရခြင်းများ .......... 15
ထောင်မှလွတ်မြောက်မှုများ .......... 16
နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ .......... 16
အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links .......... 24

# တစ်လအတွင်းသုံးသပ်ချက်

ဇူလိုင်လအတွင်း စုစုပေါင်း (၂၂) ဦး အမှုဖွင့်၊ တရားစွဲဆိုခြင်းခံခဲ့ရသည်။ ထို (၂၂) ဦးအနက်မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းမြို့နယ်များမှ အရပ်သား ၁၇ ဦးသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(က)၊(ဈ)၊(ည)၊ ၅၂(က)၊(ည)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အရပ်သားတစ်ဦးသည် မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇(၁)၊ မန္တလေးတိုင်းဒေသကြီးမှ ဆရာတော်တစ်ပါးသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)၊ အီလဲဗင်း သတင်းဌာနမှ သတင်းထောက်တစ်ဦးသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၈(က)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ(NDF)ဥက္ကဋ္ဌတစ်ဦးသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)၊ ရန်ကုန်တိုင်းဒေသကြီးမှ အရပ်သားတစ်ဦး သည် ရာဇသတ်ကြီးပုဒ်မ ၁၂၄(က) တို့ဖြင့် အမှုဖွင့်၊ တရားစွဲဆိုခြင်းကို ခံခဲ့ရသည်။

ဇူလိုင်လအတွင်း စုစုပေါင်း (၅၂) ဦး ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို (၅၂) ဦးအနက်မှ (၄၇) ဦးသည် ရခိုင်ပြည်နယ်၊ မြောက်ဦး၊ ကျောက်တော်၊ တောင်ကုတ်၊ ကျောက်ဖြူ ရမ်းဗြဲ မြို့နယ်များမှ ဖြစ်ကြပြီး ကျန် (၅) ဦးသည် စစ်ကိုင်းတိုင်းဒေသကြီး နှင့် ရန်ကုန်တိုင်းဒေသကြီး တို့မှ ဖြစ်ကြသည်။

ဇူလိုင်လအတွင်း တက်ကြွလှုပ်ရှားသူ (၂၄) ဦး ပြစ်ဒဏ် ချမှတ်ခြင်းခံခဲ့ရသည်။ ထိုတက်ကြွလှုပ်ရှားသူ (၂၄) ဦးအနက်မှ (၁၉) ဦးသည် ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ ဖြင့် ထောင်ဒဏ် ကျခံစေရန်၊ ငွေဒဏ်များပေးဆောင်စေရန် အသီးသီး ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရပြီး ဂရက်ဖက်တီရေးဆွဲသူ လူငယ် သုံးဦးအား ရာဇသတ်ကြီးပုဒ်မ ၂၉၅(က)၊ အရပ်သား နှစ်ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(က)၊ ၅၂(က) တို့ဖြင့် စွဲဆိုထား သော စွဲချက်များကိုမူ သက်ဆိုင်ရာ တရားရုံးအသီးသီးမှ ရုပ်သိမ်းပေးခဲ့သည်။

ဇူလိုင်လအတွင်း စုစုပေါင်း (၄၅) ဦး လွတ်မြောက်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသား နှစ်ဦးဖြစ်သော ကိုနေမျိုးဇင်၊ ကိုသိန်းအောင်မြတ် နှင့် အကျဉ်းထောင်တွင်းမှ တရားရင်ဆိုင်နေကြရသူ နှစ်ဦးဖြစ်သည့် ဦးပြုံးချိုနှင့် ဦးသန်းနိုင်တို့သည် ကျန်းမာရေးကောင်းမွန်ခြင်းမရှိကြောင်း သိရှိရသည်။

ထို့ပြင် ဇူလိုင်လအတွင်း ရက္ခိုင့်တပ်တော်(AA)မှ အရပ်သားလေးဦး၊ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) မှ ကျောင်းသား နှစ်ဦးကို ဖမ်းဆီးခဲ့သည်။ KIA အဖွဲ့ဝင်များမှ ဖမ်းဆီးသွားခဲ့သော ကျောင်းသား နှစ်ဦးသည် KIA အဖွဲ့ဝင်များ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

## လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

ဇူလိုင်လအတွင်းတွင် မြန်မာနိုင်ငံတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အခြေအနေသည် လွန်စွာ ကျဆင်းလာသည်ကို တွေ့ရှိရသည်။ ထိုအခွင့်အရေးအား ကျင့်သုံးခဲ့ကြသူများ နည်းအမျိုးမျိုးဖြင့် ဖိနှိပ်၊ ကန့်သတ်မှုများကို ရင်ဆိုင်နေကြရခြင်းသည် ထိုအခွင့်အရေးကို အခြေခံလူ့အခွင့်အရေးတစ်ခုအဖြစ် ဒီမိုကရေစီဖော်ဆောင်နေသည့် အစိုးရအနေဖြင့် အသိအမှတ်မပြု သောကြောင့်ဖြစ်သည်။

ဇူလိုင်လအတွင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံး၍ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် ဝေဖန်၊ ထောက်ပြ ခဲ့ခြင်းအတွက် Eleven မီဒီယာ သတင်းထောက် ကိုအောင်ကိုကိုသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၈ (က)၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ စစ်ကိုင်းမြို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF) ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)၊ ရွှေဖီးအကောင့်ပိုင်ရှင် ဦးလှဝင်းသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄(က) တို့ဖြင့် တရားစွဲဆိုခြင်းခံထားရသည်။ ၎င်းပြင် ၂၀၁၈ ခုနှစ်အတွင်း၌ ရှမ်းနီအမျိုးသားများတပ်မတော်(SNA)အကြောင်းကို ပြည်တွင်းသတင်းမီဒီယာတစ်ခုတွင် ရုပ်သံအင်တာဗျူး ဖြေကြားခဲ့ခြင်းနှင့်ဆက်နွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ စေတီဆိပ်ကျေးရွာမှ ဦးလူကျန်သည် မတရား အသင်းဆက်သွယ်မှုအက်ဥပဒေ ၁၇(၁) ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ရွှေဝါရောင်ဆရာတော် ဦးစိန္တိတကို မူလစွဲဆိုထားသည့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ကို ပြန်လည် စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ သည်။

ထို့မျှသာမက ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပွဲပြုလုပ်ခဲ့သော တက်ကြွလှုပ်ရှားသူ ၁၇ ဦးသည် နှစ်နှစ်ကျော်ကြာ တရားရင်ဆိုင်ခဲ့ ရပြီးနောက် ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၂၀ ဖြင့် ဒဏ်ငွေပေး ဆောင်စေရန် အမိန့်ချမှတ်ခြင်းခံခဲ့ရသည်။ ထို့ပြင် တက်ကြွလှုပ်ရှားသူ နှစ်ဦးသည်လည်း ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခြင်းခံခဲ့ရသည်။

အထက်ပါ ဖြစ်စဉ်များကို သုံးသပ်ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင်း လွတ်လပ်စွာ ထုတ်ဖော်၊ပြောဆိုခွင့်နယ်ပယ်သည် မည်မျှကျဉ်းမြောင်းလျက်ရှိသည်ကို တွေ့ရှိရသည်။ အခြေခံကျသည့်အခွင့်အရေးတစ်ခု ဆုံးရှုံးခြင်းသည် နိုင်ငံသား အခွင့်အရေးဆုံးရှုံးခြင်းဖြစ်ပြီး အခြားအခွင့်အရေးများကိုလည်း တစ်နည်းနည်းအားဖြင့် ထိခိုက်စေမည်ဖြစ်သည်။ လက်ရှိ အကူးအပြောင်းကာလတွင် ဒီမိုကရေစီဖော်ဆောင်ရာ၌ ဦးဆုံးထောက်ကူမှုပေးသည့် အခွင့်အရေးတစ်ရပ်ဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်၊ပြောဆိုခွင့်ကို ဆိတ်သုဉ်းခြင်းမရှိစေရန် အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး၏ လမ်းစသည် အမှန်တကယ် ဖြစ်ပွားသည့် ဖြစ်ရပ်များ၊ အမှန်တကယ် လိုအပ်မှုများ၊ ပြုပြင်သင့်သည်များကို ထုတ်ဖော်၊ ပြောဆိုခြင်းဖြစ်သည်။ သို့အတွက် အစိုးရအနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်၊ပြောဆိုခွင့်ကို ကာကွယ်၊မြှင့်တင်မှုပြုပေးရမည်ဖြစ်သည်။ ထို့ပြင် လွတ်လပ်စွာ ထုတ်ဖော်၊ပြောဆိုခွင့်ကို ကန့်သတ်ထားသော ဒီမိုကရေစီနည်းမကျသည့် ဥပဒေများကို ပယ်ဖျက်ရန်လည်း အမြန်ဆုံး ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်မှုပြုပေးပါရန်လည်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP) မှ တိုက်တွန်းပါသည်။

ထို့ပြင် မြန်မာ့တရားစီရင်ရေးစနစ်ကိုလည်း အမြန်ဆုံးပြုပြင်မှုများ ဆောင်ရွက်ရမည်ဖြစ်သည်။ ကာလကြာရှည်စွာ တရားရင်ဆိုင်ရခြင်း၊ အာဏာပိုင်အဖွဲ့အစည်းများမှ စွဲဆိုသော အမှုများတွင် စွပ်စွဲခြင်းခံထားရသူများသည် ကာလကြာရှည်စွာ တရားရင်ဆိုင်ရသည့်အပြင် ပြစ်ဒဏ် ချမှတ်ခံရမှုသာ ပို၍များခြင်း၊ တရားရေးရာတွင် ကိုင်စွဲထားသည့် ဥပဒေများသည် ကိုလိုနီခေတ်က အသုံးပြုလျက်ရှိသည့် ဥပဒေများဖြစ်ခြင်း၊ အသစ်ပြဋ္ဌာန်း ထားရှိသော ဥပဒေများသည် ကွဲလွဲဆန့်ကျင်သူများကို ဖိနှိပ်လျက်ရှိခြင်း စသည်တို့သည် မြန်မာ့တရားစီရင်ရေးစနစ် အမြန်ဆုံး ပြုပြင်၊ပြောင်းလဲရန် လိုအပ်လျက်ရှိသည့် အကြောင်းခြင်းရာများဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးကို မြှင့်တင်ရန်နှင့် တရားရေးစနစ်ကို ပြုပြင်၊ပြောင်းလဲရန်အတွက် အမြန်ဆုံး လုပ်ဆောင်ရန် လိုအပ်လျက်ရှိ၍ ဒီမိုကရေစီနည်းမကျသည့် ဥပဒေများကို ပယ်ဖျက်ပြီး တရားရေးဝန်ကြီးဌာနကို ပြန်လည် ဖွဲ့စည်းရန် တိုက်တွန်းအပ်ပါသည်။

## တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျှက်ရှိသော ပဋိပက္ခများ၏ အကျိုးဆက်များ

ဇူလိုင်လအတွင်းတွင် တိုင်းရင်းသားဒေသများ၌ ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်တိုက်ပွဲများ ပို၍ ပြင်းထန်လာသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် တပ်မတော် နှင့် ရက္ခိုင့်တပ်တော်(AA)တို့ကြား စစ်ရေးအရှိန်မြင့်တက်လာသည်နှင့်အမျှ ဒေသခံတိုင်းရင်းသားများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများသည်လည်း ပို၍ ဆိုးရွားလာလျက်ရှိသည်။ ဖမ်းဆီးခေါ်ဆောင်သွားမှုများ၊ ပျောက်ဆုံးသွားမှုများ၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခံရမှုများ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ၊ ညှဉ်းပန်းနှိပ်စက်မှု နှင့် ပစ်ခတ်မှု၊ လက်နက်ကြီးကျရောက်ပေါက်ကွဲမှု၊ မိုင်းပေါက်ကွဲမှု စသည်တို့ကြောင့် သေဆုံး၊ဒဏ်ရာရရှိမှုများသည် လက်ရှိ ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်တိုက်ပွဲများ၏ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ထပ်ဟပ်စေသည့် ပြယုဂ်များဖြစ်သည်။ ထို့ပြင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ နှင့် ကျား၊မရေးရာ အခြေပြု အကြမ်းဖက်မှု (SGBV) များသည်လည်း ဖြစ်ပေါ်လာလျက်ရှိသည်။

### အမျိုးသမီးများအပေါ် ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ

စစ်မက်ဖြစ်ပွားမှု၊ ပဋိပက္ခဖြစ်ပွားမှုကို အခွင့်ကောင်းယူ၍ လက်နက်မဲ့ပြည်သူများအား ခြိမ်းခြောက်၍ လိင်အကြမ်းဖက်မှု ကျူးလွန်ခြင်းသည် အလွန်ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မူစဲကျွန်း၊ ဦးဂါကျေးရွာတွင် ဇွန်လ ၃၀ ရက်နေ့ညအချိန်၌ အသက် ၃၇ နှစ်ဝန်းကျင်ရှိ ဒေသခံ အမျိုးသမီးတစ်ဦးကို တပ်မတော်သား သုံးဦးမှ အဓမ္မပြုကျင့်ခဲ့သည်။ ထို့ပြင် သူမ၏သမီးဖြစ်သူကိုလည်း အဓမ္မပြုကျင့်ရန် ကြိုးစားခဲ့သည်။ သို့သော်လည်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ထိုအခြင်းအရာကို ငြင်းဆိုခဲ့သည်။ ဇူလိုင်လ ၁၀ ရက်နေ့တွင် ကာယကံရှင် အမျိုးသမီးမှ ထိုတပ်မတော်သား သုံးဦးအား အရေးယူပေးရန် အမှုဖွင့်ခဲ့သည်။ ရောမဥပဒေ၏ အပိုဒ်(၈/၂)၊ စစ်ရာဇဝတ်မှုများတွင် “အဓမ္မပြုကျင့်မှု သို့မဟုတ် အခြားလိင်ပိုင်းဆိုင်အကြမ်းဖက်မှုပုံစံ တို့ကို ကျူးလွန်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းကို ပြင်းထန်စွာ ချိုးဖောက်ခြင်းဖြစ်သည်”ဟု ဖော်ပြထားသည်။ ထို့ကြောင့် ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူခြင်းသည် ထိခိုက်နစ်နာခဲ့သူများအတွက် တရားမျှတမှုကို ဖော်ဆောင်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ကျူးလွန်သူများကို အမြန်ဆုံး အရေးယူပေးပါရန် တိုက်တွန်းအပ်ပါသည်။

ထို့ပြင် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်ရှိ ပိုလိုးထရွာတွင် အမှတ် ၄၀၉ ခြေမြန်တပ်ရင်းမှ တပ်သား နှစ်ဦးမှ ပိုလိုးထရွာသူ နော်မုနော်အား သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး လက်ဝတ်ရတနာများ ချွတ်ယူသွားခဲ့သည်။ စစ်တရားရုံးမှ ၎င်းတို့နှစ်ဦးကို အမြင့်ဆုံး ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ အမြင့်ဆုံး

ပြစ်ဒဏ်ဟုသာ ဖော်ပြထားသော်လည်း အသေးစိတ်ကို ထည့်သွင်းထုတ်ပြန်ထားခြင်း မရှိပါ။ အာဏာပိုင်အဖွဲ့အစည်းများမှ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရစေလေ့ရှိသည့်အတွက် ပွင့်လင်းမြင်သာမှုရှိရန်မှာ လွန်စွာ အရေးကြီးသည်။ သို့မှသာလျှင် ထိခိုက်နစ်နာသူအတွက် တရားမျှတမှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် သံသယဖြင့် အမျိုးသမီးများကို ဖမ်းဆီး၊တရားစွဲဆိုမှုများလည်း ဖြစ်ပေါ်လာလျက်ရှိသည်။ ထိုအခြင်းအရာသည် လူ့ဂုဏ်သိက္ခာကို လေးစားလိုက်နာမှုမရှိသည်ကို ညွှန်းဆိုပြသနေသည်။ ဇူလိုင်အတွင်းတွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရေနံ့ဒွိန်ကျေးရွာမှ ဒေါ်ဖြူးမ၊ ဒေါ်လှသန်းခင် နှင့် ရတနာအောင် ဇာတ်သဘင်ပိုင်ရှင် ဒေါ်မင်းမင်း (ခ) ဒေါ်ခင်မျိုးဆွေ တို့သည် ရက္ခိုင့်တပ်တော်(AA) ကို ရိက္ခာထောက်ပံ့သည့် သံသယဖြင့် ဖမ်းဆီးခြင်းခံခဲ့ရပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀(ည)၊ ၅၂(က) ဖြင့် အမှုဖွင့်ခြင်းခံထားရသည်။ လက်ရှိတွင် ရခိုင်ပြည်နယ်၌ ရက္ခိုင့်တပ်တော်(AA) နှင့်ဆက်နွယ်မှု သံသဖြင့် ဖမ်းဆီး၊ အမှုဖွင့်ခြင်းခံထားရသည့် အမျိုးသမီး လေးဦးအထိ ရှိသွားပြီ ဖြစ်သည်။

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်(CEDAW) ၏ အပိုဒ် ၁၅(၁) တွင် “အမျိုးသမီးများ တရားဥပဒေ၏ရှေ့မှောက်တွင် အမျိုးသားများနည်းတူ တည်းတူညီမျှမှု ရရှိစေရန် နိုင်ငံများ အနေဖြင့် အာမခံချက်ပေးရမည်” ဟု ဖော်ပြထားရှိသည်။ ထို့ကြောင့် ထိုအမျိုးသမီးများ မျှတသော တရားစီရင်ရေးကို ရရှိစေ ရန်အတွက် ဖော်ဆောင်မှုပြုပေးပါရန် တိုက်တွန်းပါသည်။ ထို့ပြင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားလျက်ရှိသော ဒေသများတွင် နေထိုင်ကြသော ဒေသခံအမျိုးသမီးများ လုံခြုံမှု နှင့် ကာကွယ်စောင့်ရှောက်မှုတို့ အပြည့်အဝ ရရှိစေရန်အတွက်လည်း ဆောင်ရွက်မှု ပြုပေးပါရန် တိုက်တွန်းအပ်ပါသည်။

## ညှဉ်းပန်းနှိပ်စက်မှုများ

မြန်မာနိုင်ငံတွင်း ဆယ်စုနှစ်အဆက်ဆက်ဖြစ်ပွားခဲ့သော ညှဉ်းပန်းနှိပ်စက်မှုများသည် အဆုံးသတ်နိုင်ခြင်းမရှိဘဲ ဆက်လက် ဖြစ်ပွားဆဲ ဖြစ်သည်။ မျက်မှောက်ကာလထိတိုင်အောင် ထိုညှဉ်းပန်းနှိပ်စက်မှုများကို ကျူးလွန်လျက်ရှိသော်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းသည်ကို လေ့လာတွေ့ရှိရသည်။ ဇူလိုင်လအတွင်း တပ်မတော်စစ်ကြောင်းမှ ဖမ်းဆီးထားသော ရခိုင် ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်း ဒေသခံ နှစ်ဦး၊ တပ်မတော်စစ်ကြောင်းမှ ဖမ်းဆီးထားပြီး ပြန်လွှတ်ပေးခဲ့သော ကျောက်တော်မြို့နယ်၊ အပေါက်ဝ ကျေးရွာမှ ရွာသား နှစ်ဦး နှင့် မြောက်ဦးမြို့နယ်၊ ပါးတော်ကျေးရွာမှ ရွာသား တစ်ဦး၊ ထောင်တွင်းမှ တရားရင်ဆိုင်နေရသော ကျောက်တော် မြို့နယ်၊ ပေါက်တောပလောင်ကျေးရွာမှ ရွာသား တစ်ဦး တို့သည် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည်။

တပ်မတော်မှ ဖမ်းဆီး၍ မအီမြို့မရဲစခန်း၌ ထိန်းသိမ်းထားသည့် ရမ်းဗြဲမြို့နယ်၊ အလယ်ချောင်းကျေးရွာမှ အမျိုးသားတစ်ဦး သည် ကြိုးဆွဲချသတ်သေခဲ့သည်။ ထိုအမျိုးသားတွင် ညှဉ်းပန်းနှိပ်စက်ခြင်းခံထားရသည့် ဒဏ်ရာများနှင့် ကျည်ထိဒဏ်ရာများ ရှိနေသည့်အတွက် မတရားသေဆုံးသွားခြင်းဖြစ်သည်ဟု သိရှိရသည်။ ထိုအမျိုးသားကို တောင်ကုတ်မြို့နယ်၊ မအီမြို့မရဲစခန်း တွင် စစ်ဆေးနေစဉ် ကြိုးဆွဲချသေဆုံးသွားကြောင်း တပ်မတော်မှ ထုတ်ပြန်ထားသော်လည်း တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနိုင်မှ မအီမြို့မရဲစခန်းတွင် သေဆုံးခြင်းမဟုတ်ကြောင်း ငြင်းဆိုထားသည်။ ထို့ပြင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးသွားခဲ့သော ကျောက်တော်မြို့၊ ပိုက်သည်ရပ်ကွက်မှ အရပ်သား တစ်ဦး၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို တွေ့ရှိခဲ့ သည်။ ရသေ့တောင်မြို့နယ်၊ ချိန်ခါလီကျေးရွာ၌ တပ်မတော်သားများမှ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်ဟုဆိုသော အမျိုးသား တစ်ဦး၏ ရုပ်အလောင်းကို ၎င်း၏အိမ်အနောက်ဘက်ရှိ အိမ်သာကျင်းအတွင်း၌ တွေ့ရှိခဲ့သည်။

ထိုအခြင်းအရာများသည် အလွန် ပြင်းထန်၊ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပြီး လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားခြင်း၏ အကျိုးဆက်များဖြစ်သည့်အပြင် လူသားချင်းစာနာထောက်ထားမှုကို ဆန့်ကျင်သော စစ်ရာဇဝတ်မှုများ ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂမှချမှတ်ထားသော မည်သည့်ပုံစံဖြင့်မဆို ထိန်းသိမ်းထားမှု သို့မဟုတ် အကျဉ်းကျနေမှုများ အောက်တွင်ရှိနေသူများကို ကာကွယ်ရန်အတွက် ဥပဒေသများ၏ အပိုဒ် ၆ တွင် “ထိန်းသိမ်းထားမှု သို့မဟုတ် အကျဉ်းကျနေ မှုအောက်တွင်ရှိသော မည်သူကိုမဆို ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်၍ လူမဆန်စွာ ပြုမူဆက်ဆံခြင်းများ မပြုရ”ဟု ဖော်ပြ ထားသည်။ သို့သော်လည်း မြန်မာနိုင်ငံသည် ပြည်တွင်း နှင့် နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာရန် နှင့် အတည်ပြု လက်မှတ်ရေးထိုးရန် ပျက်ကွက်ဆဲ ဖြစ်သည်။ လက်နက်ကိုင်တိုက်ပွဲများ အချိန်ကြာမြင့်စွာ ဖြစ်ပွားလာသည်နှင့်အမျှ ထိခိုက် မှုအများဆုံးမှာ ဌာနေတိုင်းရင်းသားများဖြစ်သည့်အတွက် အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလမ်းစဉ်ကို နှောင့်နှေးမှုမရှိဘဲ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပါရန် တိုက်တွန်းအပ်ပါသည်။

**ပစ်ခတ်မှုကြောင့် သေဆုံး၊ ဒဏ်ရာ ရရှိမှုများ**

- ရခိုင်ပြည်နယ်၊ ကျောက်ဖြူ၊ မြေပုံ၊ မင်းပြား၊ ရသေ့တောင်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း နှင့် ကျောက်တော် မြို့နယ်များတွင် ပစ်ခတ်မှုများကြောင့် အရပ်သား နှစ်ဦး ကျည်ထိမှန် သေဆုံးခဲ့ပြီး ကလေးငယ် တစ်ဦး အပါအဝင် ကိုးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။
- ရှမ်းပြည်နယ်၊ မူဆယ် နှင့် နမ့်ဆန်မြို့နယ်တို့တွင် အရပ်သား နှစ်ဦး သေဆုံးခဲ့သည်။

**လေကြောင်းမှ တိုက်ခိုက်၍ ဒဏ်ရာ ရရှိမှုများ**

- ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်တွင် လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် အရပ်သား သုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

**လက်နက်ကြီးကျည် ကျရောက်မှုကြောင့် သေဆုံး၊ ဒဏ်ရာ ရရှိမှုများ**

- ရခိုင်ပြည်နယ်၊ ရသေ့တောင် နှင့် အမ်းမြို့နယ်တို့တွင် လက်နက်ကြီး ကျည်ကျရောက်မှုများကြောင့် ကလေးငယ် တစ်ဦး အပါအဝင် ခုနှစ် ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

**မိုင်းပေါက်ကွဲခဲ့ခြင်းကြောင့် သေဆုံး၊ ဒဏ်ရာ ရရှိမှုများ**

- ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် နှင့် အမ်းမြို့နယ်တို့တွင် မိုင်းပေါက်ကွဲမှုကြောင့် အရပ်သား နှစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။
- ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် အရပ်သား လေးဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။
- ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ် နှင့် ကွတ်ခိုင်မြို့နယ်တို့တွင် ကလေးငယ် တစ်ဦး အပါအဝင် အရပ်သား နှစ်ဦး သေဆုံးခဲ့ပြီး ကလေးငယ် ငါးဦး အပါအဝင် ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

**မြေမြှုပ်မိုင်း ပေါက်ကွဲခဲ့ခြင်းကြောင့် သေဆုံး၊ ဒဏ်ရာ ရရှိမှုများ**

- ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်တွင် မြေမြှုပ်မိုင်း ပေါက်ကွဲခဲ့ခြင်းကြောင့် အရပ်သား တစ်ဦး သေဆုံးခဲ့သည်။
- ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်တွင် ဆရာတော် တစ်ပါး နှင့် အရပ်သား တစ်ဦး သေဆုံးခဲ့ပြီး အရပ်သား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## အာဏာပိုင်အဖွဲ့အစည်းများမှ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ

တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အာဏာပိုင်အဖွဲ့အစည်းများသည် နိုင်ငံသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ် နှင့် လုံခြုံမှုများကို ကာကွယ်မှုပေးကြရသော အဖွဲ့အစည်းများဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံတွင်း ထိုအရာများသည် ထိခိုက်လွယ်သော အနေအထားတွင်သာ ဆက်လက်ရှိနေဆဲဖြစ်သည်။ ဇူလိုင်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့၊ မြကုန်းကျေးရွာအနီး စစ်ဆေးရေးဂိတ်တစ်ခု တည်ဆောက်ရန် စီစဉ်နေမှုအား သွားရောက်ကန့်ကွက်ခဲ့ကြသည့် ဒေသခံ ၂၀၀ ခန့်သည် ရဲတပ်ဖွဲ့ဝင် အင်အား ၅၀ ခန့်နှင့် ပဋိပက္ခဖြစ်ပွားခဲ့ပြီး ဒေသခံ သုံးဦး ရာဘာကျည်ဖြင့် ပစ်ခတ်ခြင်း ခံခဲ့ရသည်။ ထိုဒေသခံ သုံးဦးအနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်။ [ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော အင်အားသုံးခြင်း၊ လက်နက်အသုံးပြုခြင်းနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သူများ လိုက်နာရမည့် အခြေခံဥပဒေသများ၏ အပိုဒ် ၅(ခ) တွင်] "ဒဏ်ရာအနာတရ နှင့် ပျက်စီးမှုဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး လူ့အသက်ကို လေးစား၍ ကာကွယ်စောင့်ရှောက်ရမည်"ဟု ဖော်ပြထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းတွင် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်လျက်ရှိသော အာဏာပိုင်အဖွဲ့အစည်းများသည် နိုင်ငံသားကို ထိခိုက်မှုများ မရှိရန် နှင့် ထိခိုက်မှု နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ လက်နက်အသုံးပြု၍ ဖြေရှင်းခြင်းသည် ပဋိပက္ခကို လျော့ကျသွားစေရန် ဖြေရှင်းသည့် နည်းလမ်း မဟုတ်ပေ၊ ထိုအစား စေ့စပ်ညှိနှိုင်း၍ အဖြေရှာခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်သည်ဟု အကြံပြုအပ်ပါသည်။

## လယ်ယာမြေရေးရာကိစ္စရပ်များ

မြန်မာနိုင်ငံ၏ အဓိကအရေးပါသည့် ကဏ္ဍများအနက် တစ်ခုဖြစ်သည့် လယ်ယာမြေရေးရာကဏ္ဍတွင် လယ်သမားများသည် လျစ်လျူရှုခြင်းခံထားရဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင်း အမျိုးမျိုးသော လယ်ယာမြေအငြင်းပွားမှုများ၊ လယ်ယာမြေ သိမ်းဆည်းမှုများကြောင့် ထိခိုက်နစ်နာလျက်ရှိသော ဒေသခံလယ်သမားများသည် ဘက်ပေါင်းစုံမှ ကာကွယ်မှုများကို ရရှိခြင်းလည်း မရှိပေ။ ထိုအစား ဖိနှိပ်မှုများကိုသာ ရင်ဆိုင်နေကြရသည်။ ထို့ပြင် တပ်မတော်မှ စွဲဆိုထားသော အမှုများ၌ တရားဥပဒေရေးရာ၌

လျော့လျဲမှုများရှိသည်ကိုလည်း တွေ့ရှိရသည်။ လယ်ယာမြေများ သိမ်းဆည်းထားသော ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ခိုလမ်မြို့နယ် အခြေစိုက် အမှတ် ၆၆ ခြေလျင်တပ်ရင်းသည် မြေပိုင်ရှင် တောင်သူ ၄၇ ဦးကို တရားစွဲဆို ထားသော်လည်း ရုံးချိန်းလေးကြိမ်တိုင်အောင် တစ်ကြိမ် တစ်ခါမျှ ရုံးချိန်းတက်ရောက်ခဲ့ခြင်း မရှိပါ။ အဆိုပါ အခြင်းအရာသည် တောင်သူများကို နစ်နာမှုများစွာ ဖြစ်စေသည်။ ထို့ပြင် လက်ရှိကာလသည် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် သည့်ကာလဖြစ်ပြီး လူစုလူဝေး မလုပ်ရသည်ကို လိုက်နာရန် နှင့် တရားစွဲဆိုခြင်းခံရသူများအနက် သက်ကြီး ရွယ်အိုများ၊ မကျန်းမာသည့်သူများ ပါဝင်ကာ လက်ရှိတွင် စိုက်ပျိုးရေးရာသီဖြစ်သည့်အတွက် တောင်သူကိုယ်စားလှယ် ငါးဦးထားရှိရန် ကျင့်ထုံးအရ ခွင့်ပြုနိုင်ရန် လျှောက်ထားခြင်းကို ဖွန်လ ၂၉ ရက်နေ့တွင် နန့်စန်မြို့နယ်တရားရုံးမှ ပယ်ချခဲ့ပြီး ဇူလိုင်လ ၂၁ ရက်နေ့တွင်မှ ပြန်လည် ခွင့်ပြုခဲ့သည်။ အထက်ပါအခြင်းအရာများသည် တောင်သူများအတွက် စိုးရိမ်ဖွယ်ရာ အနေအထား တစ်ရပ်ဖြစ်ပြီး တောင်သူများသည် လယ်ယာမြေများ ဆုံးရှုံးခဲ့ကြရ၍ အသက်မွေးဝမ်းကြောင်း၌ အခက်အခဲများကို ရင်ဆိုင်နေကြရသည်သာမက ၎င်းတို့အတွက် တရားမျှတမှု ရရှိရန်မှာလည်း အလှမ်းကွာဝေးဆဲဖြစ်သည်။ သို့ဖြစ်၍ အစိုးရအနေဖြင့် သိမ်းဆည်း လယ်ယာမြေ အရေး နှင့် လယ်ယာမြေ အငြင်းပွားမှုများကို အမြန်ဆုံး ဆောင်ရွက်ရန် လိုအပ်ပြီး ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခြင်း ခံထားရသော လယ်သမားများကို ချွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးပါရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း(AAPP)မှ တိုက်တွန်းအပ်ပါသည်။

# နိုင်ငံရေးအကျဉ်းသားများ

## ဖမ်းဆီးခံရခြင်းများ

### မြောက်ဦးတွင် တပ်မတော်စစ်ကြောင်းမှ ရွာသားသုံးဦးကို ဖမ်းဆီး

ဇူလိုင်လ ၃ ရက်နေ့တွင် အင်အား ၁၀၀ ခန့်ရှိသော တပ်မတော်စစ်ကြောင်းတစ်ခုသည် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ တန်းမြင့်ကြီးကျေးရွာအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ကျေးရွာအတွင်းရှိနေအိမ်များကို ဝင်ရောက်ရှာဖွေမှုများပြုလုပ်ခဲ့ကာ နေအိမ်အတွင်း၌ရှိနေသည့် ဒေသခံ ရွာသား သုံးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခေါ်ဆောင်ခြင်းခံထားရသည့် ရွာသား သုံးဦးမှာ ဦးမောင်သိန်းထွန်း၊ ဦးကျော်မောင် နှင့် ဦးစံရွှေခိုင် တို့ဖြစ်ကြသည်။

### ကျောက်တော်ဈေးသို့ ဘောလုံးသွားဝယ်သည့် လူငယ် နှစ်ဦး ဖမ်းဆီးခြင်းခံရ

ဇူလိုင်လ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပိန္နဲချောင်းကျေးရွာမှ ကိုနေမျိုးထွန်း နှင့် ကိုရဲထွန်း (ခ) တပ်ရင်း၏ ၃၇၅ သိန်းထွန်းအေးတို့သည် ကျောက်တော်ဈေးမှ ဘောလုံးဝယ်ပြီးအပြန် ကစ္ဆပနဒီတံတားအနီး၌ အမှတ် ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ဖမ်းဆီးခြင်းခံထားရသည့် လူငယ် နှစ်ဦးသည် ၎င်းတို့ ဖမ်ဆီးခံထားရသည့်အကြောင်းကို ကိုနေမျိုးထွန်း၏ မိခင်ဖြစ်သူ ဒေါ်တင်တင်ဦးထံသို့ ဖုန်းဆက်ပြောကြားခဲ့သည်။ သို့သော်လည်း ၎င်းတံတားဂိတ်တွင်ရှိသည့် အမှတ် ၃၇၅ တပ်ရင်း တာဝန်ရှိသူများအား သွားရောက်စုံစမ်းမေးမြန်းခဲ့ရာ ၎င်းကိစ္စနှင့်ပတ်သက်၍ သိရှိခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။ ကိုရဲထွန်းသည် ဆိုင်ကယ်ကယ်ရီဆွဲသည့် အလုပ်ကို လုပ်ကိုင်နေသူဖြစ်ပြီး ကိုနေမျိုးထွန်းသည် မိခင်ကို လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်သည်။

### တပ်မတော်သားများမှ တောင်ကုတ်မြို့နယ်၊ လမူးမော်စံပြကျေးရွာမှ ရွာသား တစ်ဦးကို ဖမ်းဆီး

ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်သား ရှစ်ဦးခန့်သည် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ လမူးမော်စံပြကျေးရွာအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး လက်သမားလုပ်ငန်းလုပ်ကိုင်သည့် ဦးစံချစ်အောင်အား စစ်ဆေးစရာရှိသည်ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခြင်းခံခဲ့ရပြီး နှစ်ရက်ကျော်ကြာသည်အထိ ၎င်းကို မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို သိရှိရခြင်းမရှိသေးပါ။

### တပ်မတော်မှ ကျောက်ဖြူမြို့နယ်၊ လေးတောင်ကျေးရွာမှ ဒေသခံ နှစ်ဦးကို ဖမ်းဆီး

ဇူလိုင်လ ၇ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေးတောင်ကျေးရွာမှ ဒေသခံ နှစ်ဦးကို ဖမ်းဆီးသွားခဲ့သည်။ ဖမ်းဆီးခြင်းခံရသူ နှစ်ဦး၏ ဖုန်းတွင် ရခိုင်အမျိုးသားရေးသီချင်းများရှိနေသည်ဟုဆိုကာ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။

### ဖမ်းဆီးခြင်းခံရသော ကျောက်ဖြူဇင်ချောင်း ဒေသခံ လေးဦးအနက် နှစ်ဦး ပြန်လွှတ်၊ နှစ်ဦးကို ဆက်လက် ခေါ်ဆောင်–

ဇူလိုင်လ ၇ ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်စစ်ကြောင်း တစ်ခုမှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းဒေသခံ ရွာသား လေးဦးကို ဖမ်းဆီးခဲ့ပြီး နှစ်ဦးကို ၎င်းနေ့ နေ့လည်ပိုင်းတွင် ပြန်လည် လွှတ်ပေးခဲ့ကာ ကျန်နှစ်ဦးအား ဆက်လက်ခေါ်ဆောင်သွားခဲ့သည်။ ထို ရွာသား လေးဦးမှာ ဇင်ချောင်းကျေးရွာမှ ဦးမောင်အေးနိုင်၊ ဦးဝင်းသိန်းအောင်၊ ဦးအောင်စောထွန်းနှင့် သံချောင်းကျေးရွာသားတစ်ဦး ဦးဝင်းနိုင် တို့ ဖြစ်ကြပြီး ၎င်းတို့လေးဦးအနက် ပြန်လည်လွှတ်မြောက်လာသူ နှစ်ဦးမှာ ဦးဝင်းသိန်းအောင်နှင့် ဦးအောင်စောထွန်းတို့ ဖြစ်သည်။

ဦးမောင်အေးနိုင် နှင့် ဦးဝင်းနိုင်တို့သည် အလွန်နှိပ်စက်ခြင်းခံထားရကြောင်း၊ စကား ကောင်းစွာ ပြောနိုင်ခြင်းမရှိကြောင်း နှင့် အသက်အန္တရာယ် စိုးရိမ်ရကြောင်း သိရှိရသည်။ ထို့ပြင် ၎င်းတို့ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရပြီးနောက် မိသားစုဝင်များနှင့် အဆက်အသွယ်မရရှိသဖြင့် မိသားစုဝင်များမှ စိုးရိမ်လျက်ရှိသည်။

ဦးဝင်းနိုင်အား ဖမ်းဆီး ခေါ်ဆောင်သွားသည်မှာ ရက်ပေါင်း ၂၀ ကျော်သွားပြီဖြစ်သော်လည်း ယနေ့အချိန်ထိ အဆက်အသွယ်မရရှိသဖြင့် တွေ့ဆုံခွင့်ရရှိရန် ၎င်း၏မိခင်ဖြစ်သူ ဒေါ်ထွေးခင်မှ တောင်းဆိုခဲ့သည်။

### မိုင်းပေါက်ကွဲမှုသံသယဖြင့် အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့ ဖမ်းဆီးခေါ်ဆောင် စစ်ဆေးခြင်းခံရ

ဇူလိုင်လ ၃ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ကမာကျေးရွာမှ ဦးအောင်လွင်စိုး နှင့် ဒေါ်စိုးစိုးမော် တို့သည် မိုင်းပေါက်ကွဲမှုသံသယဖြင့် ဖမ်းဆီး ခေါ်ဆောင် စစ်ဆေးခြင်းကို ခံနေကြရသည်။ ထို့ပြင် ဦးအောင်လွင်စိုး နှင့် ဒေါ်စိုးစိုးမော် တို့၏ နေအိမ်အား စစ်သားများမှ ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

ဇွန်လ ၂၉ ရက်နေ့တွင် တောင်ကုတ်မြို့နယ်၊ တရာဘကျေးရွာအနီး မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ၎င်းနေရာ၌ပင် လူ လေးဦး သေဆုံးခဲ့ခြင်းဖြစ်သည်။

### ရမ်းဗြဲမြို့နယ်၊ အလယ်ချောင်းကျေးရွာမှ ရွာသား ခြောက်ဦးကို ဖမ်းဆီး

ဇူလိုင်လ ၁၁ ရက်နေ့တွင်  ခလရ ၃၄ တပ်ရင်းနှင့် ခလရ ၃၆ တပ်ရင်းမှ ရခိုင်ပြည်နယ်၊ အလယ်ချောင်းကျေးရွာမှ ရွာသား ခြောက်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခေါ်ဆောင်ခြင်းခံထားရသူများမှာ မောင်ချမ်းငြိမ်း၊ ဦးမောင်ထွန်းဝင်း၊ ဦးဇော်လွင်၊ ဦးစောမြင့်ထွန်း၊ ဦးမောင်မြင့်ထွန်း နှင့် ကိုမြင့်ဝင်း တို့ဖြစ်ကြသည်။ ဇူလိုင်လ ၁၁ ရက်နေ့တွင် ခလရ ၃၄ တပ်ရင်းနှင့် ခလရ ၃၆ တပ်ရင်းတို့သည် အလယ်ချောင်းကျေးရွာအတွင်းသို့ဝင်ရောက်လာခဲ့ပြီး အိမ်ထောင်စုစာရင်းများကို စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးပြီး အဆိုပါ ရွာသား ခြောက်ဦး၏ အမည်များနှင့် တိုက်စစ်ကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။ လက်ရှိတွင် အဆိုပါရွာသား ခြောက်ဦးအား မည်သည့် နေရာတွင် ဖမ်းဆီးထားသည်ကို သိရှိရခြင်းမရှိပါ။

### ကျောက်ဖြူဒေသခံနှစ်ဦးကို ဖမ်းဆီး

ဇူလိုင်လ ၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူရေကြောင်း တပ်ရင်းမှ ကျောက်ဖြူမြို့နယ်၊ ရေနံဒွိန်ကျေးရွာမှ (၃၄) ဒေသခံ ရွာသား ကိုစောမောင်မောင်စောသိန်းနှင့် ညီဖြစ်သူ ကိုညီထွန်းမောင်တို့အား ၎င်းတို့၏ နေအိမ်၌ လာရောက် (ခ)

ဖမ်းဆီးသွားခဲ့သည်။ ထိုဖမ်းဆီးမှုနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဦးစောမောင်ကိုသာ ဖမ်းဆီးထားကြောင်းနှင့် ညီဖြစ်သူ ဦးညီထွန်းမောင် ပါဝင်မှုမရှိဟု ထုတ်ပြန်ခဲ့သည်။ တပ်မတော်မှ ဦးစောမောင်၏နေအိမ်သို့ ဇူလိုင်လ ၁၃ ရက်နေ့ ညနေပိုင်းတွင် ဝင်ရောက်ရှာဖွေခဲ့ရာ ရက္ခိုင့်တပ်တော်)AA)အတွက် ဆက်ကြေးငွေနှင့် ရိက္ခာကောက်ခံ ထားသည့် စာရင်းပါ စာအုပ် သုံးအုပ်၊ အနက်ရောင်ခေါင်းစွပ် တစ်လုံး၊ Power Bank အတွင်း ထည့်သွင်းအသုံးပြုသော ဓာတ်ခဲခြောက် တစ်စုံ၊ ခြောက်လက်မခန့်ရှိ ဓားမြှောင် တစ်ချောင်း၊ Smart ဖုန်း တစ်လုံး၊ Keypad ဖုန်း တစ်လုံးနှင့် AA နှင့်ပတ်သက်သည့် လက်ရေးစာတမ်းပါ စက္ကူခေါက် တစ်ခု တို့အား တွေ့ရှိခဲ့ကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဇူလိုင်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ထားသည်။

ဖမ်းဆီးခြင်းခံထားရသူ ကိုစောမောင်မောင်စောသိန်းသည် ငါးရှာ၍(ခ) အသက်မွေးနေသူဖြစ်ပြီး ကိုညီထွန်းမောင်မှာ ဆန်မှုန့်ကြိတ်စက်တည်ထောင်၍ လုပ်ကိုင်စားသောက်နေသူဖြစ်ကြောင်း ၎င်းတို့နှစ်ဦး၏မိခင်ဖြစ်သူ ဒေါ်ရွှေတုံးမ မှ ပြောကြားခဲ့သည်။

[မအီမြို့တွင် လူငယ် နှစ်ဦး ဖမ်းဆီးခြင်းခံရ]

ဇူလိုင်လ ၁၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့မှ အသက် ၁၇ နှစ်အရွယ်ရှိ အမွှာညီအစ်ကို မောင်သန်းဇော်ဇော်နှင့် မောင်သန်းဇော်ဌေးတို့ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဇူလိုင်လ ၁၂ ရက်နေ့၊ ညဉ့် ၁၂ နာရီအချိန်ခန့်တွင် ရဲတပ်ဖွဲ့ဝင် လေးဦးခန့်အပါအဝင် တပ်မတော်သား ၃၀ ဦးခန့်မှ ၎င်းတို့၏ နေအိမ်သို့ ရောက်ရှိလာပြီး အိမ်ရှိပစ္စည်းများအား ရှာဖွေမှုများပြုလုပ်ခဲ့ပြီးနောက် အဆိုပါ အမွှာညီအစ်ကို နှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဇူလိုင်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ၎င်းတို့၏ အစ်ကိုကြီးဖြစ်သူအား ထပ်မံခေါ်ဆောင်သွားခဲ့ကြပြီး နောက်တစ်နေ့၌ ပြန်လည် လွှတ်ပေးခဲ့သည်။

ဇူလိုင်လ ၁၉ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့တွင် AA အမာခံနှစ်ဦးဖြစ်သည့် အမွှာညီအစ်ကို မောင်သန်းဇော်ဇော်နှင့် မောင်သန်းဇော်ဌေးတို့အား ဖမ်းဆီးရမိကြောင်း သတင်း ထုတ်ပြန်ခဲ့သည်။

မောင်သန်းဇော်ဇော်သည် ၎င်း၏ရပ်ကွက်ရှိ ဆံပင်ညှပ်ဆိုင်တွင် အလုပ် လုပ်ကိုင်နေသူ ဖြစ်ပြီး မောင်သန်းဇော်ဌေးသည် ပန်းရံ အလုပ်ကို လုပ်ကိုင်နေသူ ဖြစ်သည်။ လက်ရှိတွင် အဆိုပါ အမွှာညီအစ်ကို နှစ်ဦးအား မအီရဲစခန်း၏ အနောက်ဘက်ရှိ တပ်မတော်သားများနေထိုင်သည့် အဆောင်များအတွင်း၌ ထားရှိကြောင်း မအီမြို့နယ်၊ အမှတ် ရပ်ကွက်မှ အုပ်ချုပ်ရေး (၁)မှူး ဦးထွန်းတင်အောင်မှ ပြောကြားခဲ့သည်။

[ကျောက်ဖြူမြို့နယ်မှ ဒေသခံနှစ်ဦး AAနှင့်ဆက်နွယ်မှုသံသယဖြင့် ဖမ်းဆီးခြင်းခံရ]

ဇူလိုင်လ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကြံချိုင်ကျေးရွာမှ ရွာသား နှစ်ဦးဖြစ်သည့် ကိုအောင်တင်ဝေနှင့် ကိုမြင့်မြတ်ထွန်း တို့သည် ရက္ခိုင့်တပ်တော်(AA)နှင့်ဆက်နွယ်မှုသံသယဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဇူလိုင်လ ၂၁ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်တွင် ပေါင်နက်ကြီးကျွန်းသို့ လှေနှစ်စီးဖြင့်လာရောက်သည့် လူခြောက်ဦးကို မသင်္ကာ၍ စစ်ဆေးရန် ခေါ်ယူစဉ် သုံးဦးမှာ ခုန်ချထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ တစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ လေးဦး အနက်မှ ကိုအောင်တင်ဝေနှင့် ကိုမြင့်မြတ်ထွန်းတို့မှာ AA ကို ရိက္ခာနှင့် ဆက်ကြေး ကောက်ခံပေးနေသူများဖြစ်ကြောင်း၊ ဇွန်လ ၃ ရက်နေ့တွင် သိုင်းချောင်းလမ်းဆုံ မိုင်းထောင်ဖောက်ခွဲမှုဖြစ်စဉ်၌ ပါဝင်ဆောင်ရွက်ခဲ့သူများဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ နှစ်ဦးကို သက်ဆိုင်ရာသို့လွှဲပြောင်းကာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူသွားမည် ဖြစ်ကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဇူလိုင်လ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ကျောက်ဖြူမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်မှ ထိုရွာသားခြောက်ဦးမှာ ကြံချိုင်ကျေးရွာမှ ပေါင်နက်ကြီး ကျွန်းဘက်သို့ ပိုက်ချသွားခြင်းဖြစ်သည်ဟုသိရှိရကြောင်း ဒေသခံများ၏ ပြောကြားချက်ကို ကိုးကား၍ ပြောကြားခဲ့သည်။ လက်ရှိတွင် တပ်မတော်မှ ဖမ်းဆီခဲ့သူလေးဦးမှာ မိသားစုဝင်များနှင့် အဆက်အသွယ်မရရှိသေးကြောင်းနှင့် ထွက်ပြေး လွတ်မြောက်သွားသူ နှစ်ဦးမှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း ဦးကျော်လွင်မှ ပြောကြားခဲ့သည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဖမ်းဆီးမှုများ

[ပလက်ဝမြို့နယ်မှ ချင်းလူငယ်လေးဦးကို မှ AAဖမ်းဆီးခေါ်ဆောင်]()

ဇူလိုင် ၂၉ ရက်နေ့တွင် ရက္ခိုင့်တပ်တော်(AA)မှ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ ချင်းလူငယ်လေးဦးကို ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ သေရိုင်းကျေးရွာ၌ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (KACC) မှ ဇူလိုင်လ ၃၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ ဖမ်းဆီးခြင်းခံရသည့် လူငယ် လေးဦးသည် ဆလိုင်းအောင်စိုး၊ ဆလိုင်းဇန်တာမန်၊ ဆလိုင်းအောင်ထွန်းကို နှင့် ဆလိုင်းခင်မောင်ထွန်းတို့ ဖြစ်ကြသည်။ အဆိုပါ လူငယ်လေးဦးသည် ကျောက်တော်မြို့နယ်မှ ပလက်ဝမြို့နယ်သို့ ပြန်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ပြီး အတူပြန်လာသည့် လူငယ်ခုနစ်ဦးအနက်မှ လေးဦးဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဒေသခံများမှ KACC ထံ သတင်းပေးပို့ခဲ့ကြောင်းလည်း KACC ၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

## တရားစွဲဆိုခံရခြင်းများ

[ကိုဗစ်လူနာသေဆုံးမှုကိစ္စ ထောက်ပြဝေဖန်ရေးသားခဲ့သည့် Eleven သတင်းထောက် တရားစွဲဆိုခြင်းခံရ]()

ကိုဗစ် လူနာသေဆုံးမှုနှင့်ပတ်သက်ပြီး ထောက်ပြဝေဖန်ရေးသားခဲ့သည့် ၁၉-Eleven မီဒီယာ သတင်းထောက် ကိုအောင်ကိုကိုသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၈ ရက်နေ့တွင် ၁ ဖြင့် ဇူလိုင်လ (က) တရားစွဲဆိုခြင်းခံခဲ့ရသည်။ ဒုရဲမှူး ရဲအောင်မှ တရားလိုပြုလုပ်၍ ၎င်းကို ဥတ္တရသီရိမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အဆိုပါ သတင်းထောက်သည် မတ်လ ၂၃ ရက်နေ့တွင် ၎င်း၏ Aung Ko Ko (ခမန်းသားလေး လူမှုကွန်ရက်စာမျက်နှာ၌ ( “ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေမှာ ထိန်ချန်မှုတွေ ပါလာနေပါပြီလို့ ကျနော် လေ့လာမိတယ်” ဆိုသည့် အကြောင်းနှင့် “၁၃ ယောက်မြောက် သေဆုံးသူရဲ့ ရောဂါလက္ခဏာဟာ အသက်ရှူလမ်းကြောင်းမှာ ပိုးဝင်ပြီး ဝမ်းပျက်ဝမ်းလျှောဖြစ်ပြီး သေတာ ဖြစ်တယ်လို့ ကျန်းမာရေးက ထုတ်ပြန်ထားပေမယ့် သေဆုံးသူအကြောင်းရင်းကို မထုတ်ပြန်ဘဲ ဖုံးကွယ်ထားပါတယ်” ဆိုသည့် အကြောင်း တို့ကို ရေးသားခဲ့ခြင်းဖြစ်သည်။

[ဖမ်းဆီးခြင်းခံထားရသည့် ကျောက်တော်၊အပေါက်ဝရွာသား နှစ်ဦး တရားစွဲဆိုခြင်းခံရ]()

ဖမ်းဆီးခြင်းခံထားရသည့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာမှ ကိုဘိုကျော်သန်း နှင့် မောင်သန်းဝင်းနိုင်တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခြင်းခံထားရသည်။ ဇွန်လ ၂၇ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် အပေါက်ဝကျေးရွာမှ ကိုဘိုကျော်သန်း၊ မောင်သန်းဝင်းနိုင်၊ ကိုအောင်နိုင်စိုး နှင့် ကိုဦးမြင့်ဇော် တို့လေးဦးသည် ပုဏ္ဏားကျွန်းမှ သူငယ်ချင်းဖြစ်သူ၏ ဖခင်နာရေးသို့ သွားရောက်ခဲ့ပြီး ဦးထွန်းအေးမောင်မှ ကားမောင်း၍ ပို့ဆောင်ပေးခဲ့ရာ ကျောက်တော်အခြေစိုက် ခလရ ၅၃၉ တပ်ရင်းမှ ၎င်းတို့ကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ထိုရွာသား ငါးဦးအနက် ကိုအောင်နိုင်စိုးနှင့် ကိုဦးမြင့်ဇော်တို့ နှစ်ဦးသည် ဇူလိုင်လ ၄ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဦးထွန်းအေးမောင်မှာ လိုင်စင်မဲ့ကားမောင်းနှင်ခြင်းကြောင့် ပို့ကုန်သွင်းကုန်အက်ဥပဒေဖြင့် အရေးယူခြင်းခံထားရကြောင်း သိရှိရ သည်။

[အငြင်းပွားမြေယာပေါ်တွင် ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းအတွက် တပ်မတော်မှ တောင်သူ ၁၀၅ ဦးကို တရားစွဲဆို]()

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့နယ်မှ တောင်သူ ၁၀၅ ဦးအား တပ်ပိုင်မြေနေရာ၌ နေအိမ်ဆောက်လုပ် နေထိုင်မှု၊ ခြံစည်းရိုးခတ်ထားမှုတို့အတွက် တပ်မတော်မှ တရားလိုပြုလုပ်၍ ဇူလိုင်လ ၁၃ ရက်နေ့တွင် တရားစွဲဆိုခဲ့သည်။ ဗိုလ်ကြီးဇော်ဝင်းနိုင်မှ တရားလိုပြုလုပ်၍ အဆိုပါတောင်သူများကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ တရားရုံးမှ တောင်သူများအား ထိုနေ့တွင် တရားရုံးသို့ လာရောက်ရန် ဆင့်ခေါ်ခဲ့သော်လည်း အမှုကို စစ်ဆေးနိုင်ခြင်း မရှိသေးပါ။ စဥ့်ကူးမြို့နယ်၊ ညောင်ဝန်း နှင့် ငွေတောင်ကျေးရွာ နှစ်ရွာပေါင်း လယ်ယာမြေဧက ၃၀၀၀ ခန့်မှာ တပ်မတော်နှင့် ဒေသခံတောင်သူများကြား ပိုင်ဆိုင်မှု အငြင်းပွားနေခြင်း ဖြစ်သည်။

[ဓညဝတီရေတပ်စခန်းတွင် ဖမ်းဆီးထားသည့် ရွာသား ရှစ်ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်]()

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဓညဝတီရေတပ်စခန်းတွင် ဖမ်းဆီးထားသည့် ကပ်သပြေကျေးရွာသား ခုနစ်ဦး နှင့် စိုင်ခြံဒွိန်ကျေးရွာမှ ရာအိမ်မှူးတစ်ဦးတို့ကို ကျောက်ဖြူမြို့မရဲစခန်း၌ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀၅၂ ၊(ဈ)(က)(ညဖြင့် (

ဧည့ဝတီရေတပ်စခန်းမှ တရားလိုပြုလုပ်၍ အမှုဖွင့်ထားသည်။ ဇွန်လ ၂၆ ရက်နေ့တွင် ကပ်သပြေကျေးရွာမှ လူငယ် ကိုးဦး နှင့် ဇွန်လ ၂၈ ရက်နေ့တွင် စိုင်ခြုံဒွိန်ကျေးရွာမှ ရာအိမ်မှူး ဦးလှမြင့် တို့ကို ဧည့ဝတီရေတပ်စခန်းမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ကျောက်ဖြူမြို့မရဲစခန်းကို လွှဲပြောင်းပေးခဲ့သည်။ ဖမ်းဆီးခြင်း ခံထားရသူများအနက် ကပ်သပြေကျေးရွာမှ ကိုခင်ဝင်းမောင် နှင့် ကိုမောင်သန်းလှိုင်တို့ နှစ်ဦးကို ပြန်လည်လွှတ်ပေးလိုက်ပြီး ကျန်ရှိသည့် ရွာသား ရှစ်ဦးအား တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## သတင်းမီဒီယာတွင် ဖြေကြားခဲ့ခြင်းအတွက် ဟုမ္မလင်းမြို့နယ်မှ ရွာသား တစ်ဦးကို ဖမ်းဆီး၊ တရားစွဲဆို

ဇူလိုင်လ ၁၁ ရက်နေ့တွင် ကသာတပ်ရင်းမှ တပ်မတော်သားများမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ စေတီဆိပ် ကျေးရွာမှ ဦးလူကျန်အား ဗျူဟာမှူးမှ မေးစရာရှိ၍ဟုဆိုကာ လာရောက် ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ဇူလိုင်လ ၁၃ ရက်နေ့တွင် ဦလူကျန်အား ဟုမ္မလင်းရဲစခန်းသို့ လွှဲပြောင်းခဲ့သည်။ ထို့နောက် ဟုမ္မလင်း ပြည်သူ့ရဲတပ်ဖွဲ့ မြို့နယ်မှူး ဦးမျိုးမျိုးမှ တရားလိုပြုလုပ်၍ ၎င်းအား မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ၁၇ဖြင့် အမှုဖွင့်ခဲ့သည်။ (၁)

ဦးလူကျန် ဖမ်းဆီးခြင်းမခံရမီ ဇူလိုင်လ ၆ ရက်နေ့တွင် ရှမ်းနီအသံဂျာနယ်သို့ ဆက်သွယ်လာခဲ့ပြီး ၎င်းခရီးထွက်နေ စဉ်အတွင်း ၎င်း၏နေအိမ်သို့ တပ်မတော်သားများ အကြိမ်ကြိမ်လာရောက်၍ မေးမြန်းကြောင်း ပြောကြားခဲ့သည်။ ၎င်းအား တပ်မတော်သား များ လာရောက်မေးမြန်းခြင်းနှင့်ပတ်သက်၍ အကြောင်းစုံ သိရှိရခြင်းမရှိသော်လည်း ၂၀၁၈ ခုနှစ်အတွင်း၌ ရှမ်းနီအမျိုးသားများ တပ်မတော်)SNA)နှင့်ပတ်သက်၍ ပြည်တွင်းသတင်းမီဒီယာတစ်ခုတွင် ရုပ်သံအင်တာဗျူး ဖြေကြားခဲ့ခြင်း နှင့်ဆက်နွယ်သည်ဟု သိရှိရသည်။

## စစ်ကိုင်း NDF ပါတီဥက္ကဋ္ဌ နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် တရားစွဲဆိုခြင်းခံရ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ)NDF) ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ရက်နေ့တွင် ၃၀ ဖြင့် တရားစွဲဆိုခြင်းခံထားရသည်။ ဇွန်လ (ခ) စစ်ကိုင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းမှ တရားလိုပြုလုပ်ကာ စစ်ကိုင်းမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ပညာသင်ကြားနေသည့် ရဟန်း၊ သံဃာများနှင့် လူပုဂ္ဂိုလ်များအား သီတဂူဆရာတော်မှ ပြန်လည်ခေါ်ဆောင်ခဲ့ရာ၌ ကိုရိုနာဗိုင်းရပ်ပိုးရှိသူများ ပါလာသည့် အတွက် ၎င်းကိစ္စကို တာဝန်ယူပေးရန်ဟုဆိုကာ စစ်ကိုင်းကိုကယ်ပါ ဆိုသည့်ခေါင်းစဉ်ဖြင့် ရေးသားထားသော စာများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် အပါအဝင်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများဆီသို့ လတ်မှတ်ထိုးပေးပို့ခဲ့ကြောင်း သိရှိရသည်။ ၎င်းစာ၌ ရေးသားထားသည့် အချက်များမှာ တိုင်းဒေသကြီးအစိုးရအား အကြည်ညိုပျက်စေသည်ဟုဆိုကာ တရားစွဲဆိုခံရ ခြင်းဖြစ်သည်။ လက်ရှိတွင် ဦးဇော်နိုင်ဦးကို စစ်ကိုင်းမြို့ ရဲစခန်းအချုပ်၌ ချုပ်နှောင်ထားသည်ဟု သိရှိရသည်။

## တပ်မတော်မှ ဖမ်းဆီးထားသည့် စိုင်ခြုံ ရွာသားနှစ်ဦးအနက် တစ်ဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူ၊ တစ်ဦး ကို ပြန်လည် လွှတ်ပေး

တပ်မတော်မှဖမ်းဆီးထားသည့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စိုင်ခြုံကျေးရွာမှ ရွာသား နှစ်ဦးအနက် တစ်ဦးကို ပြန်လည် လွှတ်ပေးခဲ့ပြီး တစ်ဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ တို့ဖြင့် အရေးယူထားသည်ဟု သိရှိရသည်။ (ည) ၅၀ ၊(က) ခန့်သည် ကားများဖြင့် စိုင်ခြုံကျေးရွာအတွင်းသို့ ဝင်ရောက်လာ ခဲ့ပြီး (၁၀၀)ရက်နေ့တွင် တပ်မတော်သား ၁၁ ဇူလိုင်လ ရွာလယ်ရှိ စာသင်ကျောင်းတွင် ရွာသူ၊ရွာသားများကိုစုစည်းခဲ့ကာ ဖုန်းများကို စစ်ဆေးခဲ့သည်။ ထို့နောက် ကိုထွန်းမြင့်စို း နှင့် ကိုဖြိုးဝင်းအောင်တို့ နှစ်ဦးကို သံသဖြင့် ဖမ်းဆီး၍ ကျောက်ဖြူမြို့ ဧည့ဝတီ ရေတပ်စခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကိုဖြိုးဝင်းအောင်အား ရက္ခိုင့်တပ်တော်)AA)နှင့် ပတ်သက်ဆက်နွယ်မှု မရှိဟုဆိုကာ ပြန်လည် လွှတ်ပေးခဲ့ သည်။ ကိုထွန်းမြင့်စိုးကိုမူ AA နှင့်ဆက်နွယ်မှုရှိသည်ဟုဆိုကာ ဆက်လက် ချုပ်နှောင်ထားခဲ့သည်။

လက်ရှိတွင် ကိုထွန်းမြင့်စိုးကို ကျောက်ဖြူအကျဉ်းထောင်၌ ထိန်းသိမ်းထားကြောင်း ၎င်း၏ အစ်မဖြစ်သူ ဒေါ်တင်တင်ညွန့် မှ ပြောကြားခဲ့သည်။ ကိုထွန်းမြင့်စိုးသည် ကျေးရွာအတွင်း လက်သမားအလုပ်ကို လုပ်ကိုင်နေသူတစ်ဦး ဖြစ်ပြီး မည်သည့် အဖွဲ့ အစည်းနှင့်မှ အဆက်အသွယ်မရှိသည့်အတွက် အမြန်ဆုံးလွှတ်ပေးစေလိုကြောင်း ၎င်းမှ ဆိုသည်။

[တပ်မတော်မှ ရေနံဒွိန်ကျေးရွာမှ အမျိုးသမီး သုံးဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်]

ဇူလိုင်လ ၂၄ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရေနံဒွိန်ကျေးရွာမှ ဒေါ်ဖြားမ၊ ဒေါ်လှသန်းခင် နှင့် ရတနာအောင်ဇာတ်သဘင်ပိုင်ရှင် ဒေါ်မင်းမင်း ၊(ည)၀၅ ဒေါ်ခင်မျိုးဆွေ တို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ (၁) ၅၂(ကတို့ဖြင့် ကျောက်ဖြူမြို့မရဲစခန် (း၌ အမှုဖွင့်ခဲ့သည်။ ဇူလိုင်လ ၂၂ ရက်နေ့ည၌ တပ်မတော်မှ ရေနံဒွိန်ကျေးရွာတာ၀န်ခံ ဦးမောင်ထောင် နှင့် ထိုအမျိုးသမီး သုံးဦးအား ရက္ခိုင့်တပ်တော်)AA) ကို ရိက္ခာထောက်ပံ့သည့် သံသယဖြင့် ဖမ်းဆီးသွားခဲ့သည်။ ထို့ပြင် ဇာတ်သဘင်ပိုင်ရှင် ဒေါ်မင်းမင်း ဒေါ်ခင်မျိုးဆွေ၏ ကလေး (၁)းငယ် နှစ်ဦးဖြစ်သည့် အသက် ၈ နှစ်အရွယ် မောင်အောင်အောင်ထွန်း နှင့် အသက် ၆ နှစ်အရွယ် မရတနာအောင် တို့ကိုလည်း မိခင်ဖြစ်သူနှင့်အတူ ခေါ်ဆောင်သွားခဲ့ ကြောင်း သိရှိရသည်။ ဖမ်းဆီးခြင်းခံထားရသည့် အမျိုးသမီး သုံးဦးအနက် ဒေါ်လှသန်းခင်သည် တောင်ယာလုပ်ကိုင်နေသူ ဖြစ်ပြီး ဒေါ်ဖြားမသည် ကုန်စျေးရောင်းချနေသူဖြစ်ကာ ဒေါ်မင်းမင်း ဒေါ်ခင်မျိုးဆွေသည် ရတနာအောင်ဇာတ်အဖွဲ့ကို (၁) ရက်နေ့ နံနက်တွင် ရေနံဒွိန်ကျေးရွာတာ၀န်ခံ ဦးမောင်ထောင်ကို ပြန်လည် ၂၅ တည်ထောင်ထားသူဖြစ်သည်။ ဇူလိုင်လ လွှတ်ပေးခဲ့ကြောင်းသိရှိရသည်။

[မန္တလေးတိုင်း၀န်ကြီးချုပ်နှင့် ပြည်ထောင်စု အစိုးရအဖွဲ့အား ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် အကြည်ညိုပျက်ရန် လူမှုကွန်ရက် စာမျက်နှာတွင် ပို့စ်တင်ခဲ့သည်ဟုဆိုကာ အရပ်သား တစ်ဦးကို တရားစွဲဆို]

မန္တလေးတိုင်း၀န်ကြီးချုပ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကြည်ညိုပျက်စေရန် လူမှုကွန်ရက် စာမျက်နှာတွင် ပို့စ်တင်ခဲ့သည်ဟုဆိုကာ ရွှေခီးအကောင့်ပိုင်ရှင် ဦးလှ၀င်းကို ရာဇသတ်ကြီးပုဒ်မ ၁၂၄ဖြင့် (က) တရားစွဲဆိုထားပြီး ဖမ်းဆီးစစ်ဆေးနေကြောင်း သိရှိရသည်။ ရွှေခီးအကောင့်ပိုင်ရှင် ဦးလှ၀င်းသည် မန္တလေးတိုင်း၀န်ကြီးချုပ် နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကြည်ညိုပျက်စေရန် Facebook chatbox ပေါ်တွင် ဆွေးနွေး ပြောကြားထားသယောင်ဖန်တီးထားသည့် Screen Shot များဖြင့် သတင်းအမှားဖြန့်ချိထားမှုအတွက် ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိန်ကြည်မှ တရားလိုပြုလုပ်ပြီး ၎င်းအား အရေးယူပေးရန် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတွင် ဦးတိုက် လျှောက်ထားခဲ့ခြင်း ဖြစ်သည်။ ဇူလိုင်လ ၂၃ ရက်နေ့တွင် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှ စွပ်စွဲခံရသူ ရွှေဖီးအကောင့်ပိုင်ရှင် ဦးလှ၀င်း အား ရုံးရှေ့သို့ဖမ်းဆီးတင်ပို့ခဲ့ကာ ချုပ်မိန့်ပေးထားပြီး ဇူလိုင်လ ၂၉ ရက်နေ့တွင် တရားလိုအား စတင် စစ်ဆေးမည်ဖြစ် သည်။

[တပ်ပိုင်မြေပေါ်တွင် ၀င်ရောက်စိုက်ပျိုးသည်ဟုဆိုက တောင်သူ ၆၀ ကို အမှုဖွင့်]

ဇူလိုင်လဆန်းပိုင်း၌ အမှတ် ၁၂၁ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးတပ်ရင်းမှ ဗိုလ်ကြီးဇော်၀င်းနိုင်မှ မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့နယ်၊ ညောင်၀န်းကျေးရွာမှ ဒေသခံတောင်သူ ၆၀ ဦးကို တပ်ပိုင်မြေများ၌ ၀င်ရောက်စိုက်ပျိုးလုပ်ကိုင်သည်ဟုဆိုကာ ရာဇသတ်ကြီးပုဒ်မ ၄၂၇၊ ၁၁၄ တို့ဖြင့် လက်ပန်လှနယ်မြေရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဇူလိုင်လ ၂၈ ရက်နေ့တွင် လက်ပန်လှ နယ်မြေရဲစခန်းမှ တောင်သူများကို ပထမဆုံးအကြိမ်အဖြစ် စစ်ဆေးမေးမြန်းမှုပြုလုပ်ခဲ့သည်။ အမှတ် ၁၂၁ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်ရင်းသည် တပ်မတော် စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းအတွက်ဟုဆိုကာ ညောင်၀န်းကျေးရွာနှင့် ငွေတောင်ကျေးရွာရှိ လယ်မြေများကို ၁၉၇၂ မှ စတင်ကာ ဧက ၃,၀၀၀ ခန့်အထိ သိမ်းဆည်းခဲ့ကြောင်း ဒေသခံတောင်သူများမှ ပြောကြားခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် တပ်မတော်မှ Great Wall ကုမ္ပဏီကို နှစ်သုံးဆယ်စာချုပ်ဖြင့် အငှားချထားခဲ့ပြီး ကုမ္ပဏီသည် မြေများအားလုံးကို လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ပိုလျှံနေခဲ့၍ ကုမ္ပဏီလုပ်ကိုင်နေစဉ် ၂၀၁၄ ခုနှစ်တွင် တောင်သူများမှ ၀င်ရောက်စိုက်ပျိုး လုပ်ကိုင်ခဲ့ကြသည်။ တောင်သူ ၇၅၀ ခန့်သည် သိမ်းဆည်းခံလယ်ယာမြေများပေါ်တွင် တစ်ဦးလျှင် နှစ်ဧကနှုန်းဖြင့် စိုက်ပျိုး လုပ်ကိုင်နေကြခြင်းဖြစ်သည်ဟု သိရှိရသည်။

## တရားရင်ဆိုင်ရခြင်းများ

[ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခြင်းခံထားရသည့် မောင်ဆောင်းခ ပထမအကြိမ်ရုံးချိန်းတက်ရောက်]

ရန်ကုန်မြို့၊ ဆူးလေးတံတားပေါ်တွင် “အင်တာနက်ဖြတ်တောက်မှုအလိုမရှိ” စာသားပါ ပိတ်စများချိတ်ဆွဲ၍ ဆန္ဒထုတ်ဖော်ခဲ့ ခြင်းအတွက် ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခြင်းခံထားရသည့် မောင်ဆောင်းခသည် ဇူလိုင်လ ၇ ရက်နေ့တွင် ကျောက်တံတားမြို့နယ် တရားရုံး၌ ပထမအကြိမ် ရုံးချိန်းတက်ရောက်ခဲ့သည်။

လက်ရှိတွင် အမှုဖွင့်ခြင်းခံထားရသူ ငါးဦးအနက် မောင်ဆောင်းခတစ်ဦးတည်းကိုသာ ကျောက်တံတားမြို့နယ်တရားရုံးမှ ခေါ်ယူစစ်ဆေးခြင်းဖြစ်ပြီး ကျန်သည့် တက်ကြွလှုပ်ရှားသူ လေးဦးကို ရဲတပ်ဖွဲ့မှ ရှာဖွေ စုံစမ်းနေဆဲဟု သိရှိရသည်။

### ဒေါ်ဆိုရှေ့တောင်သူများအား ချမှတ်ခဲ့သည့် ပြစ်ဒဏ်နှင့်ပတ်သက်၍ ကျေနပ်ခြင်းမရှိသောကြောင့် တပ်မတော်မှ ပြည်နယ်တရားလွှတ်တော်ရုံး၌ ပြင်ဆင်ချက်တက်

ဒေါ်ဆိုရှေ့တောင်သူများအား ချမှတ်ခဲ့သည့် ပြစ်ဒဏ်နှင့်ပတ်သက်၍ ကျေနပ်ခြင်းမရှိသောကြောင့် တပ်မတော်မှ ပြည်နယ်တရားလွှတ်တော်ရုံး၌ ပြင်ဆင်ချက်တက်ခဲ့သည်။ ကယားပြည်နယ်တရားလွှတ်တော်ရုံးမှ ဒေါ်ဆိုရှေ့တောင်သူများ ဖြစ်ကြ သည့် ဦးသောမတ်စ်၊ ဦးပါစကွားလယ်၊ ဦးကျော်ကျော်၊ ဦးမာတီးယာ၊ ဦးအိုင်ဗင်၊ ဦးငါးရယ် တို့ကို ဇူလိုင်လ ၇ ရက်နေ့တွင် ပြန်လည်ဆင့်ခေါ်ခဲ့သည်။ အမတ ဦးအား ၁၉ မှ တရားစွဲဆိုထားသည့် ဒေါ်ဆိုရှေ့တောင်သူနှင့် စက်သမား စုစုပေါင်း(၃၆၀) ရက်နေ့တွင် ထောင်ဒ ၁၃ ဒီးမော့ဆိုမြို့နယ် တရားရုံးမှ မတ်လဏ်နှင့် ငွေဒဏ်များ ချမှတ်ခဲ့ရာ ၎င်းတို့သည် ချုပ်ရက်နှင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ထို့ကြောင့် တပ်မတော်မှ ကျေနပ်ခြင်းမရှိ၍ ပြန်လည် ပြင်ဆင်ချက်တက်ခဲ့ခြင်းဖြစ်သည်။

### တရားရင်ဆိုင်နေရသည့် ခိုလမ်တောင်သူများ ကိုယ်စားလှယ် ငါးဦးထားရှိရေး တရားရုံးမှ ပြန်လည် ခွင့်ပြု

ဇူလိုင်လ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်တရားရုံးမှ လွိုင်လင်ခရိုင်၊ ခိုလမ်မြို့နယ်၊ မြေယာပြဿနာတွင် တရားလိုဖြစ်သော တပ်မတော်မှ တရားစွဲဆိုထားသည့် ခိုလမ်တောင်သူ ၄၇ ဦး တရားရင်ဆိုင်နိုင်ရန်အတွက် ကိုယ်စားလှယ် ငါးဦး ထားရှိရေးကို ပြန်လည်ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။ ဇွန်လ ၉ ရက်နေ့တွင် လယ်ယာမြေများ သိမ်းဆည်းထားသော ခိုလမ်မြို့နယ် အခြေစိုက် အမှတ် ၆၆ ခြေလျင်တပ်ရင်းသည် မြေပိုင်ရှင် တောင်သူ ၄၇ ဦးကို နမ့်စန်မြို့နယ်တရားရုံး၌ ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့သည်။ အဆိုပါတရားစွဲဆိုသည့်ကိစ္စနှင့်ပတ်သက်၍ နမ့်စန်မြို့နယ်တရားရုံးမှ ရုံးချိန်း လေးကြိမ် ခေါ်ယူခဲ့သော်လည်း တရားလိုဖြစ်သည့် တပ်မတော်ဘက်မှ တစ်ကြိမ်တစ်ခါမျှ ရုံးချိန်းတက်ရောက်ခဲ့ခြင်း မရှိပါ။ ရုံးချိန်း ငါးကြိမ်မြောက်တွင် တပ်မတော်မှ ပထမအကြိမ် ရုံးချိန်းတက်ရောက်ခဲ့သည်။ တရားစွဲဆိုခြင်းခံထားရသည့် တောင်သူ တချို့သည် အသက်ကြီးပြီး ကျန်းမာရေး ကောင်းမွန်ခြင်းမရှိသဖြင့် သွားလာရခက်ခဲနေကြောင်း၊ တရားရုံးရက်ချိန်းကို တရားစွဲဆိုခြင်းခံထားရသည့် တောင်သူ ၄၇ ဦးကို မသွားစေချင်ဘဲ တောင်သူကိုယ်စားလှယ်ထားပြီး ရင်ဆိုင်ရန် ဇွန်လ ၂၉ ရက်နေ့တွင် နမ့်စန်မြို့နယ် တရားသူကြီးထံ ကင်းလွတ်ခွင့် တင်ပြခဲ့ရာ ပယ်ချခြင်းခံခဲ့ရသည်။

### ခမရ ၄၂၄ မှ တရားစွဲဆိုထားသည့် ဆီဆိုင်မြို့မှ တောင်သူ ခုနစ်ဦးအား တရားရုံးတွင် ခေါ်ယူစစ်ဆေး

ခမရ ၄၂၄ မှ တရားစွဲဆိုထားသည့် ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့မှ တောင်သူ ခုနစ်ဦးအား တရားရုံးမှ ဇူလိုင်လ ၁၅ ရက်နေ့တွင် ခေါ်ယူစစ်ဆေးခဲ့သည်။ ခမရ ၄၂၄ မှ ဗိုလ်ကြီး နေလင်းစိုးမှ တရားလိုပြုလုပ်၍ အဆိုပါ တောင်သူ ခုနစ်ဦးအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပိုင်နက်ကျူးလွန်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် အမှုဖွင့်ခဲ့သည်။ လက်ရှိတွင် တရားလို ဗိုလ်ကြီး နေလင်းစိုးသည် ခမရ ၄၂၄ တပ်မှ ပြောင်းရွှေ့သွားပြီဖြစ်သဖြင့် ၎င်းအစား ဗိုလ်မှူး နိုင်ဇင်ကျော်မှ ကိုယ်စားထုချေသွားမည် ဖြစ်သည်။

တရားစွဲခြင်းခံထားရသည့် တောင်သူ ခုနစ်ဦးအနက် အသက် ၈၇ နှစ်အရွယ်ရှိ ဦးခင်မောင် ဆိုသည့် အဘိုးအို တစ်ဦးပါဝင်ပြီး တရားရုံးသို့ မလာနိုင်သည့်အတွက် ကားဖြင့်ခေါ်လာရကြောင်း သိရှိရသည်။

### ရွှေဝါရောင်ဆရာတော်ဦးစိန္တိတ၏ မူလအမှု ပြန်လည် စစ်ဆေးရန် အမိန့်ချ

ဇူလိုင်လ ၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ရွှေဝါရောင်ဆရာတော် ဦးစိန္တိတကို မူလစွဲဆိုထားသည့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅ကို ပြန်လည် စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ တပ်မတော်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် (၁) ပင်မအလုပ်ရုံ (၂) လူမှုကွန်ရက်ပေါ်တွင် ရေးသားသည်ဟုဆိုကာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ရှိ အမှတ် အလုပ်ရုံမှ (စက်/လျှပ်)ူး ဒုတိယဗိုလ်မှူးကြီးသန့်ဇော်ဦးမှ ဆရာတော် ဦးစိန္တိတအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅ဖြင့် (၁) ခုနှစ်၊ ဇူလိုင်လတွင် ပယ်ချခဲ့သည်။ ထိုသို့ ပယ်ချခဲ့သည့် ၂၀၁၉ တရားစွဲဆိုခဲ့သော်လည်း ပြည်ကြီးတံခွန်မြို့နယ်တရားရုံးမှ အတွက် တပ်မတော်မှ ဆက်လက်အယူခံလျှောက်ထားခဲ့ရာ ပြန်လည်စစ်ဆေးရန် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် မှ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်မှ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ထံ အယူခံ မလျှောက်ထားမီ ဆရာတော်၏ ဝေဖန်ရေးသားချက်များ နှင့်ပတ်သက်ပြီး ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ ခုနှစ်၊ စက်တင်ဘာလတွင် ထပ်မံအမှ ၂၀၁၉ ဖြင့် (ဃ)ုဖွင့်ခဲ့သည်။ ၆၆ (ဃ) အာမခံပေးခဲ့သည်။ ၅၀ ရက်နေ့တွင် တရားစွဲတင်ခဲ့ပြီး ထိုနေ့တွင်ပင် ဆရာတော်ကို တရားရုံးမှ ကျပ်သိန်း ၅ အမှုကို မတ်လ

၆၆ ၅၀၅ အမှုကို ရင်ဆိုင်နေစဉ် တိုင်းတရားလွှတ်တော်မှ ပုဒ်မ (ဃ)(ခကို ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ သည့်အတွက် ( ဆရာတော်သည် ဖြစ ်စဉ်တစ်ခုတည်းအတွက် အမှုနှစ်ခုကို ရင်ဆိုင်ရမည် ဖြစ်သည်။

## ပြစ်ဒဏ်ချမှတ်ခံရခြင်းများ

### စစ်ပွဲများရပ်တန့်ရေးနှင့်ငြိမ်းချမ်းရေး ဆန္ဒထုတ်ဖော်ပွဲတွင် ပါဝင်ခဲ့သည့် တက်ကြွလှုပ်ရှားသူ ၁၇ ဦးကို အမိန့်ချမှတ်

ဇူလိုင်လ ၁၀ ရက်နေ့တွင် ဗဟန်းမြို့နယ်တရားရုံးမှ စစ်ပွဲများရပ်တန့်ရေးနှင့် ငြိမ်းချမ်းရေးလူထုဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်ခဲ့ သည့် တက်ကြွလှုပ်ရှားသူ ၁၇ ဦးကို ဒဏ်ငွေ ငါးထောင်ကျပ် ပေးဆောင်ရန် သို့မဟုတ် ထောင်ဒဏ် ခုနှစ်ရက် ကျခံရန် အမိန့် ချမှတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် တာမွေအဝိုင်းထိပ်အနီး၌ပြုလုပ်ခဲ့သည့် လူထုဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင် ခဲ့သည့် တက်ကြွလှုပ်ရှားသူ ၁၇ ဦးကို ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၂၀ ဖြင့် ဗဟန်း မြို့နယ်တရားရုံး၌ စွဲချက်တင်ခဲ့ပြီး နှစ်နှစ်ကျော်အကြာတွင် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

### ကိုဗစ်ပညာပေး သရုပ်ဖော်ပန်းချီရေးဆွဲသူ သုံးဦးကို အပြစ်မရှိကြောင်း အမိန့်ချမှတ် ၁၉–

ဇူလိုင်လ ၁၇ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်တရားရုံးမှ မြစ်ကြီးနားဘူတာတိုက်တန်းတွင် ကိုဗစ် ၁၉– ပညာပေးသရုပ်ဖော်ပန်းခ ျီရေးဆွဲခဲ့သည့် ကိုဇေယျာနောင်၊ ကိုနော်ထွန်းအောင်၊ မစီစီလျာဂျာဆိုင်းတို့ သုံးဦးအား အပြစ်မရှ ိကြောင်း အမိန့်ချမှတ်ခဲ့သည်။ ကိုဗစ်အသိပညာပေး ပန်းချီရေးဆွဲရာတွင် သေမင်း၏ပုံမှာ ဗုဒ္ဓဘာသာ ရဟန်းတပါး၏ ပုံနှင့် ၁၉– ဆင်တူနေသည့်အတွက် ဗုဒ္ဓဘာသာကို ထိခိုက်နစ်နာစေသည်ဆိုကာ ကချင်ပြည်နယ်၊ သာသနာရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးထွန်းအောင်မှ သာသနာညှိုးနွမ်းစေမှု၊ ပုဒ်မ ၂၉၅ ဖြင့် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။ နှစ်လကျော်ကြာ တရားရင်ဆိုင်ခဲ့ရ (က) ပြီးနောက် တရားသူကြီးမှ ထိုပန်းချီဆရာ သုံးဦးတွင် အပြစ်မရှိကြောင်း အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

### ရက္ခိုင်ကျောင်းသားများသမဂ္ဂအဖွဲ့ဝင် နှစ်ဦးအား ထောင်ဒဏ် တစ်လစီ အမိန့်ချမှတ်

ဇူလိုင်လ ၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်တရားရုံးမှ ရခိုင်ကျောင်းသားများသမဂ္ဂ –တက္ကသိုလ်များ) မှ အထွေထွေအတွင်းရေးမှူး ကိ(ရန်ကုန် ုမြတ်ဟိန်းထွန်းနှင့် အဖွဲ့ဝင် ကိုကျော်လင်းတို့အား ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ဖြင့် ထောင်ဒဏ် တစ်လစီ ထမ်းဆောင်စေရန် အမိန့်ချမှတ်ခဲ ၁၉ ပုဒ်မ (ငြိမ်း၊စုစီ) ့သည်။ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ရခိုင်ကျောင်းသားများသမဂ္ဂ အပါအဝင် ရန်ကုန်စီးပွားရေး (ရန်ကုန်–တက္ကသိုလ်များ) သများအဖွဲ့ချုပ်တို့သည် ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်တွင် .က.၊ ဗ(ရွာသာကြီး) တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အင်တာနက်ဖွင့်ပေးရန်၊ ဘူးသီးတောင်မြို့နယ်ရှိ စာသင်ကျောင်းအား လက်နက်ကြီးကျရောက်ပေါက်ကွဲ ခြင်းကို တာဝန်ယူ၊ တာဝန်ခံမှုရှိစွာဖြင့် ဖြေရှင်းပေးရန်၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများကို လွတ်လပ်စွာ သတင်းရယူခွင့် ပေးရန် စသည်တို့ကို ကမာရွတ်မြို့နယ်၌ ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့သည်။

ထိုသို့ ဆန္ဒထုတ်ဖော်ခဲ့ခြင်းကြောင့် ကျောင်းသားသမဂ္ဂအသီးသီးမှ အဖွဲ့ဝင် ကိုးဦးသည် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှု ဖွင့်ခြင်းခံခဲ့ရပြီး ၎င်းတို့ ကိုးဦးအနက် ခုနှစ်ဦးသည် မတ်လ ၂၅ ရက်နေ့တွင် ထောင်ဒဏ် တစ်လစီ ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရ သည်။

## ထောင်မှလွတ်မြောက်မှုများ

### သံသယဖြင့်ဖမ်းဆီးခြင်းခံခဲ့ရသော ပညာရေးဝန်ထမ်းနှစ်ဦး အမှုမမြောက်၍ ပြန်လည်လွတ်မြောက်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အလက အင့ူမော်ကုန်တန်းကျောင်းမှ အလယ်တန်းပြ ကျောင်းဆရာ ဦးကျော်ဆန်းနိုင် နှင့် ကျောင်းစာရေး ကိုနေဇော်ထွန်း တို့သည် သံသယဖြင့် ဖမ်းဆီးခြင်းခံခဲ့ရပြီး စစ်တွေအကျဉ်းထောင်အတွင်း၌ ခုနှစ်လ ချုပ်နှောင်ခြင်းခံခဲ့ရပြီးနောက် အမှုမမြောက်၍ ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ထိုနေ့တွင်

စစ်တွေခရိုင်တရားရုံးမှ သက်သေများကို စစ်ဆေးခဲ့ပြီး အမှုမမြောက်သည့်အတွက် ၎င်းတို့ နှစ်ဦးအား ပြန်လည် လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ကျောင်းဆရာ ဦးကျော်ဆန်းနိုင်နှင့် ကိုနေဇော်ထွန်းတို့အား ၎င်းတို့၏ ဖုန်းအတွင်း၌ မသင်္ကာစရာများတွေ့ရှိသည်ဟုဆိုကာ ဖမ်းဆီးသွား ခဲ့သည်။ ထို့နောက် တပ်မတော်မှ ဗိုလ်မှူး တစ်ဦးမှ ၎င်းတို့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ ဖြင့် အမှုဖွင့် တရားစွဲဆို (က) ၅၂။(က) ခဲ့သည်။

[ရက္ခိုတပြက္ခဒိန်ထုတ်ဝေရောင်းချမှုကြောင့် ထောင်ဒဏ်ချမှတ်ခြင်းခံထားရသူ လေဦးအနက် သုံးဦး လွတ်မြောက်]()

ရက္ခိုတပြက္ခဒိန် ထုတ်ဝေ၊ရောင်းချမှုကြောင့် မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇ ဖြင့်(၁)ထောင်ဒဏ်ချမှတ်ခြင်းခံထားရသူ လေးဦးအနက် သုံးဦးသည် ပြစ်ဒဏ်စေ့သဖြင့် ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ပြန်လည်လွတ်မြောက်လာသူ သုံးဦးမှာ ကိုကောင်းမြတ်သူ၊ ကိုဘိုဆန်းနှင့် ကိုဝင်းဘိုတို့ဖြစ်ကြသည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ၎င်းတို့သုံးဦး နှင့် ပြက္ခဒိန် ထုတ်ဝေ၊ ရောင်းချသူ ကိုသိန်းအောင်မြတ်တို့သည် ဟိုင်းကြီးကျွန်းတွင် ပြက္ခဒိန်ရောင်းချနေစဉ် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ကိုကောင်းမြတ်သူ၊ ကိုဘိုဆန်း၊ ကိုဝင်းဘိုတို့သုံးဦးမှာ ကားမောင်းသူ၊ အဖော်လိုက်ပေးသူတို့ဖြစ်ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ငပုတော မြို့နယ်တရားရုံးမှ ၎င်းတို့လေးဦးအား ထောင်ဒဏ် ၂ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ကိုသိန်းအောင်မြတ်သည် မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇ဖြင့် ထောင်ဒဏ် နှစ် နှစ်ချမှတ်ခံရသည့်အပြင် (၁) တရားမဝင်ပုံနှိပ်ထုတ်ဝေမှုနှင့်ပါထောင်ဒဏ်ချမှတ်ခံထားရသည့်အတွက် လွတ်မြောက်ရာတွင် ပါဝင်ခြင်းမရှိသေးပါ။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

[ဖမ်းဆီးခြင်းခံထားရသည့် ကျောက်တော်ဒေသခံနှစ်ဦး ရောဂါအခံဖြင့် သေဆုံးသွားသည်ဆိုသည့်အပေါ် မိသားစုဝင်များ လက်မခံ]()

တပ်မတော်မှ ဖမ်းဆီးသွားသည့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွှေပြည်ကျေးရွာသား ဦးထွန်းရွှေ နှင့် ဦးကွန်ချုပ်မောင်တို့ နှစ်ဦး ရောဂါအခံဖြင့် သေဆုံးသွားပြီဖြစ်ကြောင်း သတင်းစာတွင်ဖော်ပြထားသော်လည်း မိသားစုဝင်များ မှ လက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်။ ဦးထွန်းရွှေ နှင့် ဦးကွန်ချုပ်မောင်တို့ နှစ်ဦးသည် နဂိုရောဂါအခံဖြင့် သေဆုံးသွား ခဲ့ကြောင်းကို ဖေဖော်ဝါရီလ ၂၉ ရက်နေ့ထုတ် ရတနာပုံသတင်းစာတွင် ဖော်ပြထားသည်။ ရတနာပုံသတင်းစာတွင် ဦးထွန်းရွှေ သည် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်ရောဂါများကို ခံစားနေရသူဖြစ်၍ သေဆုံးသွားခဲ့ကြောင်း နှင့် ဦးကွန်ချုပ်မောင် သည် ရေဓာတ်အားနည်းပြီး အရက်စွဲသည့်ရောဂါဖြင့် ခန္ဓာကိုယ် တုန်ချိမှုဖြစ်ကာ သေဆုံးခဲ့ရကြောင်း ရေးသား ဖော်ပြထားခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ၎င်းတို့ နှစ်ဦးသည် ကျောက်တော်မြို့နယ်မှ ချင်းပြည်နယ် ပလက်ဝသို့ စက်လှေဖြင့် အခြားအမျိုးသား လေးဦးနှင့်အတူ ဈေးရောင်းသွားကြရာမှ တပ်မတော်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ လေးရက်အကြာတွင် အမျိုးသားလေးဦးကို ကျောက်တော်မြို့မရဲစခန်းသို့ လွှဲပြောင်းပေးခဲ့သော်လည်း ဦးထွန်းရွှေနှင့် ဦးကွန်ချုပ်မောင်တို့ ပါဝင်ခြင်းမရှိခဲ့ပါ။

[တပ်မတော်မှ ဖမ်းဆီးသွားသည့် မင်းပြားဒေသခံနှစ်ဦး၏ သတင်းအစန လေးလကျော်ကြာသည်အထိ ရရှိခြင်းမရှိ]()

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီးရှိ ဖားပြိုကျေးရွာတွင်နေထိုင်သော ကိုသန်းရွှေ နှင့် ကိုမောင်ဝင်းရွှေတို့ ညီအစ်ကိုနှစ်ဦးအား တပ်မတော်သားများမှ ဖမ်းဆီးခေါ်ဆောင်သွားသည်မှာ လေးလကျော်ထိကြာပြီဖြစ်သော်လည်း သတင်းအစန ရရှိခြင်း မရှိပါ။ မတ်လ ၁ ရက်နေ့တွင် ၎င်းတို့ နှစ်ဦးသည် ၎င်းတို့ နေထိုင်ရာကျေးရွာမှ မင်းပြားမြို့ပေါ်သို့ ဈေးဝယ်ရန်သွားစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့ကို ရာမောင်တံတားအနီးတွင် ယာယီတပ်စွဲထားသော တပ်မှ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံနေရစဉ်အတွင်း ၎င်းတို့ နှစ်ဦးအား တပ်မတော်မှ ရိုက်နှက်စစ်ဆေးနေသည်ကို မျက်မြင်တွေ့ရှိခဲ့သူများမှ မိသားစုဝင်များထံသို့ အကြောင်းကြားလာသဖြင့် လိုက်ပါသွားခဲ့သော်လည်း မတွေ့ရှိခဲ့ရသည့်အပြင် ယနေ့ အချိန်ထိ သတင်းအစအန မရရှိသေးပါ။ ၎င်းတို့နှစ်ဦးမှာ ကျေးရွာ၌ ဖခင်ဖြစ်သူနှင့်အတူ လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူများ ဖြစ်သည်။

## ရသေ့တောင်တွင် တပ်မတော်သား သုံးဦးမှ အဓမ္မပြုကျင့်ခဲ့ကြောင်း ဒေသခံ အမျိုးသမီး တစ်ဦး ပြောကြား၊ တပ်မတော်မှ ငြင်းဆို

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မူစဲကျွန်း၊ ဦးဂါကျေးရွာတွင် ဇွန်လ ၃၀ ရက်နေ့ညအချိန်၌ အသက် ၃၇ နှစ်ဝန်းကျင်ရှိ ဒေသခံ အမျိုးသမီးတစ်ဦးကို တပ်မတော်သား သုံးဦးမှ အဓမ္မပြုကျင့်ခဲ့ကြောင်း ကာယကံရှင် အမျိုးသမီးမှ ထုတ်ဖော် ပြောကြားခဲ့သည်။ ထိုအမျိုးသမီးသည် သမီး၊ မြေး၊ အဒေါ်၊ အစ်မ၊ ယောက္ခမတို့နှင့်အတူ အိမ်အောက်ဖုံးခိုကျင်း အတွင်း၌ ပုန်းအောင်းနေစဉ် တပ်မတော်သား လေးဦးမှ အိမ်အတွင်းကို ဝင်ရောက်လာခဲ့ကြသည်။ တပ်မတော်သားများမှ သေနတ်များကို မောင်းတင်၍ နေအိမ်အောက်များကို ဓာတ်မီးများဖြင့်ထိုးကြည့်ရာမှ ကလေးငိုသည့်အတွက် ၎င်းတို့ကို ရှာတွေ့သွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် မှတ်ပုံတင်စစ်မည်ဟု အကြောင်းပြပြီးနောက် သူမကို ဘေးအိမ်သို့ ခေါ်ထုတ်၍ တပ်မတော်သား သုံးဦးမှ အဓမ္မပြုကျင့်ခဲ့သည်ဟု ကာယကံရှင်အမျိုးသမီးမှ ပြောကြားခဲ့သည်။ သူမကို အဓမ္မပြုကျင့်ခဲ့ပြီးနောက် သူမ၏သမီးဖြစ်သူကိုလည်း ထပ်မံပြီး အဓမ္မပြုကျင့်ရန်အတွက် ဖုံးခိုကျင်းအတွင်းမှ အဓမ္မခေါ်ဆောင်ခဲ့သည်။ သူမ၏သမီးဖြစ်သူသည် ကလေးမွေးဖွားထားသည်မှာ ခြောက်ရက်သာရှိသေးပြီး သူမ၏ယောက္ခမဖြစ်သူမှ အဓမ္မပြုကျင့်ရန်ခေါ်ဆောင်သွားသည့် နေရာနောက်သို့ လိုက်သွားပြီးနောက်၌ သမီးဖြစ်သူကို ပြန်လည် လွတ်မြောက်လာသည်ဟု ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။

ဇူလိုင်လ ၂ ရက်နေ့တွင် ကာယကံရှင်အမျိုးသမီးမှ ၎င်းအဓမ္မပြုကျင့်ခြင်းခံခဲ့ရကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ဇူလိုင်လ ၆ ရက်နေ့တွင် ကာယကံရှင် အမျိုးသမီးနှင့်အတူရှိနေခဲ့သော အမျိုးသမီး သုံးဦးအား ရဲတပ်ဖွဲ့မှ စစ်တွေမြို့ အရန်ရဲတပ်ဖွဲ့မှူးရုံးတွင် ခေါ်ယူစစ်ဆေးခဲ့သည်။ စစ်ဆေးခြင်းခံခဲ့ရသည့် အမျိုးသမီးသုံးဦးမှာ အဓမ္မပြုကျင့်ခံရသည်ဟု ထွက်ဆိုထားသော ကာယကံရှင်အမျိုးသမီး၏ အဒေါ်ဖြစ်သူ ဒေါ်ခင်စိုးဖြူ၊ ယောက္ခမဝမ်းကွဲတော်စပ်သူ ဒေါ်ဦးခိုင်နှင့် ယောက်မဖြစ်သူ ဒေါ်ဦးညွန့်နုတို့ဖြစ်သည်။ ဒေါ်ဦးညွန့်နုမှ အဓမ္မပြုကျင့်ခံခဲ့ရသည်မှာ မှန်ကန်ကြောင်း၊ ဖြစ်စဉ်အသေးစိတ်ကို ဇူလိုင်လ ၆ ရက်နေ့တွင် ထွက်ဆိုပြောကြားခဲ့သည်။

သို့သော်လည်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဤပြောဆိုမှုများနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းစစ်ဆေးချိန် တွင် ၎င်းဖြစ်စဉ်မျိုးဖြစ်ပွားခြင်းမရှိကြောင်း၊ ၎င်းနေ့ညတွင် တပ်မတော်စစ်ကြောင်းများ ဦးဂါရွာတွင် ရှိမနေကြောင်း၊ ၎င်းအရာသည် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် လုပ်ကြံဖန်တီးမှုသာဖြစ်ကြောင်း ဇူလိုင်လ ၂ ရက်နေ့ ညနေပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

ဇူလိုင်လ ၁၀ ရက်နေ့တွင် ကာယကံရှင်အမျိုးသမီးမှ ထိုအဓမ္မပြုကျင့်ခံခဲ့ရမှုနှင့်ပတ်သက်၍ တပ်မတော်သား သုံးဦးအား အရေးယူပေးရန် စစ်တွေမြို့မရဲစခန်း ၌ အမှုဖွင့်ခဲ့သည်။

## ကျောက်တော်အပေါက်ဝကျေးရွာမှ ဖမ်းဆီးခြင်းခံထားရသည့် ရွာသား ငါးဦးအနက် နှစ်ဦး ပြန်လည် လွတ်မြောက်

တပ်မတော်မှဖမ်းဆီးထားသည့် ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာမှ ရွာသား ငါးဦးအနက် နှစ်ဦးဖြစ်သည့် ကိုအောင်နိုင်စိုးနှင့် ကိုဦးမြင့်ဇော် တို့သည် ဇူလိုင်လ ၄ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ကိုအောင်နိုင်စိုးကို တပ်မတော်မှ သေနတ်ဖြင့် ထုထောင်းခြင်း၊ စစ်ဖိနပ်များနှင့်ကန်ကျောက်ခြင်းတို့ ပြုလုပ်ခဲ့သောကြောင့် ၎င်းသည် နံရိုးများနာနေပြီး ခြေထောက်တွင်လည်း မီးကြိုးနှင့်ရိုက်သက်ထားခြင်းခံရသောကြောင့် လမ်းလျှောက်နိုင်ခြင်း မရှိပါဟု ၎င်း၏ ဖခင်ဖြစ်သူ ဦးသိန်းထွန်းမှ ပြောကြားခဲ့သည်။

ဇွန်လ ၂၇ ရက်နေ့တွင် အဆိုပါ ရွာသား ငါးဦးသည် နာရေးကိစ္စတစ်ခုဖြစ်ပေါ်လာ၍ ပုဏ္ဏားကျွန်းမြို့သို့ ကားဖြင့်သွားကြစဉ် အမှတ်တပ်ရင်း၏ ဖမ်းဆီးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ လက်ရှိအချိန်၌ ကျန်ရှိသူ ကိုဘိုကျော်သန်း၊ မောင်သန်းဝင်းနိုင် နှင့် ၅၃၉- ကိုထွန်းအေးမောင်တို့အား ကျောက်တော်မြို့မရဲစခန်းတွင် ချုပ်နှောင်ထားသည်။

## တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားသည့် မြောက်ဦးဒေသခံ သုံးဦး ပြန်လည် လွတ်မြောက်

တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားသည့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ တန်းပျင်းကြီးကျေးရွာသား သုံးဦးဖြစ်သည့် ဦးမောင်ကျော်နု၊ ဦးရွှေစိန်ခိုင် နှင့် ဦးစံရွှေခိုင် တို့သည် ဇူလိုင်လ ၄ ရက်နေ့ နေ့လည် ၁၂ နာရီခန့်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဇူလိုင်လ ၃ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ကျေးရွာအတွင်းသို့ ဝင်ရောက်၍ ၎င်းတို့ သုံးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

## တပ်မတော်ယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခြင်းခံခဲ့ရမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခဲ့သည့် မသင်္ကာသူ ၁၂ ဦးမှာ AA နှင့် ဆက်နွယ်မှုမရှိသည့်အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ထံသို့ လွှဲပြောင်း

တပ်မတော်ယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခြင်းခံခဲ့ရမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခဲ့သည့် မသင်္ကာသူ ၁၂ ဦးမှာ ရက္ခိုင့်တပ်တော်)AA)နှင့်ဆက်နွယ်မှုမရှိသည့်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း ဇူလိုင်လ ၃ ရက်နေ့တွင် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကျောက်ဖြူမြို့သို့ မောင်းနှင်လာသော တပ်မတော်ယာဉ်တန်းအား ဇွန်လ ၃၀ ရက်နေ့တွင် AA အကြမ်းဖက် သောင်းကျန်းသူများမှ မိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း တပ်မတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထိုသို့ တိုက်ခိုက်ခြင်းခံရသည့်အတွက် ဝန်းကျင်တစ်ဝိုက်အား အသေးစိတ် စစ်ဆေးစဉ် မသင်္ကာဖွယ် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး နှစ်ဦးအား တွေ့ရှိခဲ့ရသဖြင့် ကျောက်ဖြူမြို့မရဲစခန်းသို့ လွှဲပြောင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ မသင်္ကာသူ ၁၂ ဦးမှာ ကျောက်ဖြူမြို့နယ်၊ ပျားတဲကျေးရွာမှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ဦးကင်းကျေးရွာမှ အမျိုးသား တစ်ဦး၊ ဂုံးချိန်ကျေးရွာမှ အမျိုးသား တစ်ဦးနှင့် ကျောက်ဖြူမြို့၊ အရာရှိရပ်ကွက်မှ အမျိုးသားတစ်ဦး တို့ဖြစ်သည်။

[ဆီဆိုင်မြို့နယ်တွင် တောင်သူ ၁၀ ဦးကျော် စိုက်ပျိုးထားသည့် ပြောင်းပင်ဧက ၂၀ ကျော် ဖျက်ဆီးခြင်းခံရ]

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ခမရ ၄၂၄ တပ်အနောက်ဘက် တပ်သိမ်းမြေ ဧက ၁၉၀၀ အတွင်း တောင်သူ ၁၀ ဦးကျော် စိုက်ပျိုးထားသော ပြောင်းပင်ဧက ၃၄ ၄ ရက်နေ့ နှင့် ဇူလိုင်လ ၃ ကျော်သည် ဇူလိုင်လ ၈. ရက်နေ့တို့တွင် ဖျက်ဆီးခြင်းခံခဲ့ရသည်။ လက်ရှိ ဖျက်ဆီးခြင်းခံရသည့် ပြောင်းစိုက်ခင်းနေရာသည် ဆီဆိုင်မြို့နယ် မှ တောင်သူများပိုင်ဆိုင်သည့်မြေယာမြေဖြစ်ပြီး၊ တပ်ပိုင်မြေမဟုတ်ဘဲ တပ်မှ သိမ်းသွားခြင်းဖြစ်သည်။ ၁၉၉၂ ခုနှစ်၌ ခမရ ၄၂၃၊ ၄၂၄ မှ ၎င်းမြေများကို ယာယီအဖြစ် သိမ်းဆည်းခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ သိမ်းဆည်းခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ပြောင်းပင်များ ဖျက်ဆီးခံခဲ့ရခြင်းကြောင့် တောင်သူများ စားဝတ်နေရေး အခက်အခဲများကို ရင်ဆိုင်ရတော့မည်ဟု ပြောင်းပင်ဖျက်ဆီးခြင်းခံခဲ့ရသည့် တောင်သူတစ်ဦးမှ ပြောကြားခဲ့သည်။ လက်ရှိတွင် ပြောင်းပင်ဖျက်ဆီးသွားသူများအား စုံစမ်းစစ်ဆေးနေကြောင်း ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးမှ ပြောကြားခဲ့သည်။

[ကစ္ဆပနဒီတံတားအနီးဖမ်းဆီးခဲ့သည့် ရွာသား သုံးဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူမည်ဟု တပ်မတော် ထုတ်ပြန်]

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကစ္ဆပနဒီတံတားအနီးတွင် ဖမ်းဆီးခဲ့သည့် ဘုရားပေါင်းကျေးရွာမှ ကိုမောင်မောင်ငွေး နှင့် ပိန္နဲချောင်းကျေးရွာမှ ကိုရဲထွန်း၊ နေမျိုးထွန်း တို့ သုံးဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူ သွားမည်ဖြစ်ကြောင်း ဇူလိုင်လ ၆ ရက်နေ့တွင် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ ဇူလိုင်လ ၃ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြောက်ဦးဘက်မှ ကျောက်တော်ဘက်သို့ လမ်းလျှောက်လာသူ တစ်ဦးအပြင် ကျောက်တော်မြို့မှ ဈေးဝယ်၍ မြောက်ဦးဘက်သို့ ဆိုင်ကယ်ဖြင့်လာသူနှစ်ဦး စုစုပေါင်းသုံးဦးအား ဖမ်းဆီး၊ စစ်ဆေးခဲ့သည်။ ၎င်းတို့သုံးဦးမှာ ရက္ခိုင့်တပ်တော်)AA)နှင့်ပတ်သက်ဆက်နွယ်မှုရှိသူ နှစ်ဦးနှင့် AA တပ်သားအဆင့်ရှိသူ တစ်ဦးတို့ ဖြစ်ကြောင်း တပ်မတော်မှ ထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ၎င်းတို့ သုံးဦးကို ကျောက်တော်မြို့မရဲစခန်းတွင် ချုပ်နှောင်ထားကြောင်း သိရှိရသည်။

[ကျောက်တော်မြို့ ကုလားတန်မြစ်ကမ်းစပ်တွင် တပ်မတော်မှ ဖမ်းဆီးထားသူ တစ်ဦး၏ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု တွေ့ရှိ]

ဇူလိုင်လ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ကုလားတန်မြစ်၊ ကစ္ဆပနဒီတံတားအနီး၌ ကျောက်တော်မြို့၊ ပိုက်သည်ရပ်ကွက်မှ ဦးကျော်လှိုင်၏ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကို တွေ့ရှိခဲ့သည်။ အဆိုပါ အစိတ်အပိုင်းမှာ မျက်နှာနှင့် ခန္ဓာကိုယ်မပါဘဲ ခြေဖျားမှခါးအထိရှိသော ညာဘက်ပေါင်တစ်ချောင်းဖြစ်ကြောင်း သိရှိရသည်။ ဦးကျော်လှိုင်သည် ပုလင်းခွံများကောက်သည့် အလုပ်ကို လုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး ဇူလိုင်လ ၂ ရက်နေ့တွင် ဘီယာပုလင်းခွံများကောက်ရန် နေအိမ်မှထွက်သွားစဉ် တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ ဦးကျော်လှိုင်အား တပ်မတော်သားများမှ ကျောက်တော်၊ မြို့မရွှေကျောင်းဓမ္မာရုံတွင် ဖမ်းဆီးချုပ်နှောင်ထားသည်ကို မြင်တွေ့ခဲ့သည့်အတွက် ပြန်လွှတ်ပေးရန် ဇူလိုင်လ ၃ ရက်နေ့တွင် ဦးကျော်လှိုင်၏ ဇနီးဖြစ်သူ ဒေါ်စုချေမှ သွားရောက် တောင်းဆိုခဲ့သော်လည်း ဗိုလ်ကြီး တစ်ဦးမှ ငြင်းဆိုခဲ့သည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် ဒေါ်စုချေမှ သတင်းထောက်များအား ဦးကျော်လှိုင်အား တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့သည်ဟု ပြောကြားခဲ့ရာ တပ်မတော်ဘက်မှ ၎င်းအရာသည် စွပ်စွဲချက်သာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

### စစ်ဆေးရေးဂိတ် တည်ဆောက်မည့်နေရာကို ကန့်ကွက်သည့် ဒေသခံ သုံးဦး ရာဘာကျည်ဖြင့် ပစ်ခတ်ခြင်းခံရ

စစ်ကိုင်းဒေသကြီး၊ ပုလဲမြို့၊ မြကုန်းကျေးရွာအနီး စစ်ကိုင်းတိုင်းအစိုးရမှ စစ်ဆေးရေးဂိတ်တစ်ခု တည်ဆောက်ရန် စီစဉ်နေခြင်းအား ဇူလိုင်လ ၇ ရက်နေ့တွင် ဒေသခံ ၂၀၀ ခန့်မှ သွားရောက်ကန့်ကွက်ကြစဉ် ရဲတပ်ဖွဲ့နှင့် ပဋိပက္ခဖြစ်ပွားခဲ့ပြီး ဒေသခံ သုံးဦး ရာဘာကျည်ဖြင့် ပစ်ခတ်ခြင်းခံခဲ့ရသည်။ ရာဘာကျည်ဖြင့် ပစ်ခတ်ခြင်းခံခဲ့ရသူ သုံးဦးအနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံ၌ ကုသမှုခံယူနေရပြီး ကျန်နှစ်ဦးမှာ ပွန်းပဲ့ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ စစ်ဆေးရေးဂိတ် တည်ဆောက်မည့်နေရာသည် ဒေသခံများ စိုက်ပျိုးလုပ်ကိုင်နေသည့် ကျေးရွာပိုင်မြေနေရာဖြစ်ခြင်းနှင့် ဆောက်လုပ်ရေးအတွက် ရွာအနီးရှိ သစ်ပင်များကို ခုတ်လှဲရမည်ဖြစ်ခြင်းတို့ကြောင့် ကန့်ကွက်ကြခြင်းဖြစ်သည်။ ထိုသို့ဖြစ်ပွားခဲ့ပြီးနောက် ဒေသခံ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး လေးဦးကို ရဲတပ်ဖွဲ့မှ ခေတ္တ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ပြန်လည်လွှတ်ပေးခဲ့သည်။

### တောင်ကုတ်ဒေသခံတစ်ဦး ဖမ်းဆီးခံရမှု တစ်လကျော်ကြာသည့်တိုင် သတင်းအစအန ပျောက်နေ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ချက်ဖောက်ကျေးရွာမှ မောင်နေရဲဝင်းအား တပ်မတော်မှ ဖမ်းဆီးသွားသည်မှာ တစ်လကျော်ကြာမြင့်နေပြီဖြစ်သော်လည်း သတင်းအစအနမရရှိသေးသဖြင့် ၎င်း၏မိသားစုဝင်များမှ စိုးရိမ်နေကြသည်။ ဇွန်လ ၃ ရက်နေ့တွင် မောင်နေရဲဝင်းသည် မိသားစုဝင်များနှင့်အတူ နေအိမ်အတွင်း၌ရှိနေစဉ် တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ မောင်နေရဲဝင်းသည် ပေါင်၌အကျိတ်ပေါ်သဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့ပြီး မေလကုန်၌ ၎င်း၏ ကျေးရွာသို့ပြန်လည်ရောက်ရှိလာရာမှ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

### တပ်မတော်မှ ဖမ်းဆီးထားသော ရမ်းဗြဲမြို့နယ်၊ ကျောက်ဆောက်ကျေးရွာမှ ရွာသား တစ်ဦးနှင့်အဆက်အသွယ် ရရှိခြင်းမရှိသဖြင့် မိသားစုများစိုးရိမ်

တပ်မတော်မှ ဖမ်းဆီးထားသော ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ဆောက်ကျေးရွာမှ ကိုဇော်မင်းထွန်းနှင့် ယနေ့အချိန်အထိ အဆက်အသွယ်ရရှိခြင်းမရှိသဖြင့် ၎င်း၏မိသားစုဝင်များမှ စိုးရိမ်နေကြသည်။ ဇွန်လ ၂၆ ရက်နေ့ ညနေ ၅ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ကိုဇော်မင်းထွန်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ကိုဇော်မင်းထွန်းသည် စနဲမြို့တွင် ဝပ်ရှော့ပညာသင်ကြားနေသူတစ်ဦးဖြစ်ပြီး အဆိုပါနေ့၌ စနဲမြို့မှ မိမိကျေးရွာသို့ပြန်လာစဉ် တပ်မတော်သားများမှ မသင်္ကာဟုဆိုကာ ဖမ်းဆီးခေါင်းဆောင်သွားခဲ့ခြင်းဖြစ်သည်ဟု ကိုဇော်မင်းထွန်း၏ အစ်မဖြစ်သူ မမြင့်မြင့်ရီမှ ပြောကြားခဲ့သည်။ ထို့ပြင် တပ်မတော်သား ငါးဦးခန့်မှ ၎င်း၏ နေအိမ်အား လာရောက်ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ကိုဇော်မင်းထွန်းသည် အာရုံကြောအားနည်းသူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

### ကျောက်မဲတွင် ဆန္ဒထုတ်ဖော်ပွဲ ဦးဆောင်သူများအား တပ်မတော်မှ တရားစွဲမည်

ဇူလိုင်လ ၁၀ ရက်နေ့တွင် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်တွင် ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်ခဲ့ကြသည့် ဦးစိုင်းသန်းမောင်၊ ဦးဇော်တိက၊ ဦးအာလိယျ တို့ သုံးဦးအား တရားစွဲဆိုသွားမည်ဟု ထုတ်ပြန်ခဲ့သည်။ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ)ရှမ်းပြည် တပ်မတော်/RCSS/SSA) နှင့် တပ်မတော်တို့ကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲအတွင်း တပ်မတော်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိခဲ့သူများအတွက် ကျူးလွန်သူများကို အရေးယူပေးရန် ကျောက်မဲဒေသခံများမှ ဇူလိုင်လ ၁၀ ရက်နေ့တွင် တောင်းဆို ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။ ထိုကဲ့သို့ ဆန္ဒထုတ်ဖော်ခဲ့ပြီးနောက် တပ်မတော်မှ ဦးဆောင်ဆန္ဒထုတ်ဖော်သူများကို တရားစွဲဆိုမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ ခြင်းဖြစ်သည်။

### တပ်မတော်စစ်ကြောင်းမှ ဖမ်းဆီး ခေါ်ဆောင်သွားသည့် မြောက်ဦးရွာဟောင်းတောမှ လူငယ်နှစ်ဦး ပြန်လည်လွတ်မြောက်

တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားသည့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ရွာဟောင်းတောကျေးရွာမှ အသက် ၁၃ နှစ်အရွယ် ၇ တန်းကျောင်းသား မောင်နေမျိုးသူ နှင့် အသက် ၁၆ နှစ်အရွယ် ၉ တန်းကျောင်းသား မောင်စိုးကျော်တို့သည် ဇူလိုင်လ ၁၃ ရက်နေ့ နံနက်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဇူလိုင်လ ၁၃ ရက်နေ့ နံနက်တွင် မောင်စိုးကျော်၏ ဖခင်ဖြစ်သူ ဦးရွှေသာ လိုက်သွားစဉ် တပ်မတော်စစ်ကြောင်းမှ လူငယ် နှစ်ဦးကို လွှတ်ပေးမည် ဖြစ်သော်လည်း ဦးရွှေသာ နေခဲ့ရမည်ဟု ပြောကြားသဖြင့် နေခဲ့ပြီး ထိုနေ့တွင်ပင် ၎င်းအား ပြန်လည် လွှတ်ပေးခဲ့သည်။ ဇူလိုင်လ ၁၂ ရက်နေ့ ညနေတွင် တပ်မတော် စစ်ကြောင်းတစ်ခုမှ လူငယ်နှစ်ဦးအား နတ်တောင်ပေါ်သို့ လမ်းပြအဖြစ် ခေါ်ဆောင်

သွားခဲ့ခြင်းဖြစ်သည်။ ထိုလူငယ်နှစ်ဦးသည် ဦးရွှေသာနှင့်အတူ နွားချည်ရန် သွားစဉ် ဖမ်းဆီး ခေါ်ဆောင်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

## ဖမ်းဆီးခြင်းခံထားရသည့် မအီမြို့ ANP ဥက္ကဋ္ဌ ပြန်လည်လွတ်မြောက်

လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တစ်လကျော်ကြာ ဖမ်းဆီးထားသည့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့ ရခိုင်အမျိုးသားပါတီ )ANP) ဥက္ကဋ္ဌ ဦးမျိုးလွင်သည် ဇူလိုင်လ ၁၂ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဇွန်လ ၉ ရက်နေ့တွင် မအီမြို့ အမှတ် ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ မအီစခန်းမှ ဒုရဲအုပ် တစ်ဦးနှင့် စကခမှ (၃)ဗိုလ်ကြီးတစ်ဦးတို့ ဦးဆောင်ပါဝင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဦးမျိုးလွင်အား ၎င်း၏ နေအိမ်တွင် ဖမ်းဆီးသွာခဲ့ခြင်းဖြစ်သည်။

## တပ်မတော်မှ ဖမ်းဆီး၍ မအီမြို့မရဲစခန်း၌ ထိန်းသိမ်းထားသည့် ရွာသား တစ်ဦး ကြိုးဆွဲချသတ်သေ

တပ်မတော်မှ ဖမ်းဆီး၍ ရခိုင်ပြည်နယ်၊ မအီမြို့မရဲစခန်း၌ ထိန်းသိမ်းထားသည့် ရမ်းဗြဲမြို့နယ်၊ အလယ်ချောင်းကျေးရွာမှ ရွာသား ခြောက်ဦးအနက် တစ်ဦးဖြစ်သည့် ကိုစိုးမြင့်ထွန်းသည် ဇူလိုင်လ ၁၃ ရက်နေ့၊ ညနေ ၆ နာရီခွဲအချိန်၌ ကြိုးဆွဲချသတ်သေသွားခဲ့သည်ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဇူလိုင်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ကိုစိုးမြင့်ထွန်းသည် ၎င်းအား ချည်နှောင်ထားသည့် ကြိုးကိုဖြည်၍ ခေါင်မိုးထုပ်တန်းတွင် ကြိုးဆွဲချ သေဆုံးသွားကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဖော်ပြထားသည်။ ကိုစိုးမြင့်ထွန်း၏ ဦးခေါင်းတွင် ထုထောင်းဒဏ်ရာများ၊ လည်ပင်းတွင် ကြိုးဖြင့်ဆွဲရိုက်ထားသည့် ဒဏ်ရာများနှင့် ဘယ်ဖက်လက်၌ ကျည်ထိဒဏ်ရာများရှိနေသည့်အတွက် မတရား သေဆုံးသွားခြင်းဖြစ်ကြောင်း သေဆုံးသူ၏ ယောက်ဖဖြစ်သူ ဦးကျော်လှိုင်မှ ပြောကြားခဲ့သည်။ ကိုစိုးမြင့်ထွန်းအား တောင်ကုတ်မြို့နယ်၊ မအီမြို့မရဲစခန်းတွင် စစ်ဆေးနေစဉ် ကြိုးဆွဲချသေဆုံးသွားကြောင်း တပ်မတော်မှ ထုတ်ပြန်ထားသော် လည်း တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနိုင်မှ မအီမြို့မရဲစခန်းတွင် သေဆုံးခြင်းမဟုတ်ကြောင်း ငြင်းဆိုထားသည်။

ဇူလိုင်လ ၁၁ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အလယ်ချောင်းကျေးရွာသို့ သွားရောက်၍ ရှာဖွေစစ်ဆေးခဲ့ပြီး ရက္ခိုင့်တပ်တော်)AA)အမာခံများဟုဆိုသည့် ကိုဇော်လွင်၊ ကိုမြင့်ထွန်း၊ ကိုချမ်းငြိမ်း၊ ကိုဇော်ငွေး၊ ကိုထွန်းဝင်းနှင့် ကိုစိုးမြင့်ထွန်းတို့ ခြောက်ဦးအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

## အင်တာနက်ဖြတ်တောက်မှု တစ်နှစ်ပြည့် လှုပ်ရှားမှုပြုလုပ်ခဲ့သည့် ရခိုင်လူငယ် နှစ်ဦးကို ခံဝန်ဖြင့် ပြန်လွှတ်

ဇူလိုင်လ ၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တရားရုံးမှ ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်တို့၌ အင်တာနက်ဖြတ်တောက်ထားမှု တစ်နှစ်ပြည့် လှုပ်ရှားမှုပြုလုပ်ခဲ့သည့် သန္တာရင်သွေးမျိုးဆက်သစ်လူငယ်များအသင်းမှ ဥက္ကဋ္ဌ ကိုနေတိုးခိုင်နှင့် အကြံပေးအရာရှိ ကိုမင်းဇအောင်တို့အား  ကျပ်သိန်း ၅၀ ခံဝန်နှင့် ပြန်လည်လွှတ်ပေးခဲ့သည်။

ကိုနေတိုးခိုင်နှင့် ကိုမင်းဇအောင်တို့ နှစ်ဦးသည် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရပြီး ထိုနေ့တွင်ပင် ကျောက်ဖြူမြို့နယ်တရားရုံး၌ ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့် စွဲချက်တင်ခြင်း ခံခဲ့ရသည်။ ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ် တို့တွင် အင်တာနက်ဖြတ်တောက်ထားမှု တစ်နှစ်ပြည့်မြောက်သည့်နေ့ဖြစ်သော ဇွန်လ ၂၁ ရက်နေ့၌ ကျောက်ဖြူမြို့နယ်အဝင်ဝ၌ သန္တာရင်သွေးမျိုးဆက်သစ်လူငယ်များအသင်းမှ လူငယ်တစ်ချို့မှ လှုပ်ရှားမှု တစ်ခုပြုလုပ်၍ တောင်းဆိုခဲ့သည်။ ထိုတောင်းဆိုမှုကို ဦးဆောင်ပြုလုပ်ခဲ့သော ၎င်းတို့ နှစ်ဦး အမှုဖွင့်ခံခဲ့ရခြင်း ဖြစ်သည်။

## အောင်သပြေရွာသားများအား ရုံးထုတ်ရာတွင် ဝန်းရံသူများနှင့် ရဲတပ်ဖွဲ့ဝင်များကြား ရှန်းရင်းဆန်ခတ်ဖြစ်

အောင်သပြေဘိလပ်မြေစက်ရုံ မဆောက်လုပ်ရေး ဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်၍ ပုဒ်မ ကိုးခုဖြင့် ဖမ်းဆီး၊ တရားစွဲဆိုခြင်း ခံထားရသော အောင်သပြေရွာသား ဦးရွှေအုန်းနှင့် ရွာသားများအား ဇူလိုင်လ ၁၄ ရက်နေ့တွင် ရုံးထုတ်ခဲ့သည်။ ထိုသို့ ရုံးထုတ်ရာတွင် လာရောက်ဝန်းရံကြသော ဗမာပြည်လုံးဆိုင်ရာကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်မှ ကျောင်းသားများ နှင့် (ဗကသ) ရဲတပ်ဖွဲ့ဝင်များကြား ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

## ရုံးချိန်းတက်ရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် အလုပ်သမား ၇၁ ဦးကို ဖမ်းဝရမ်းထုတ်

ဇူလိုင်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တရားရုံးမှ Gust Myanmar အထည်ချုပ်စက်ရုံမှ အလုပ်သမား ၇၁ ဦးကို ရုံးချိန်းတက်ရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် ဖမ်းဝရမ်းထုတ်ခဲ့သည်။ လှိုင်သာယာမြို့နယ်ရှိ Gust

Myanmar အထည်ချုပ်စက်ရုံတွင် ဇန်နဝါရီလမှစတင်၍ အလုပ်သမားများမှ ရက်မှန်ကြေးရရှိရေးအတွက် အကြိမ်ကြိမ် ညှိနှိုင်းခဲ့သည်။ ထိုကဲ့သို့ ညှိနှိုင်းရာတွင် အဆင်ပြေမှုမရှိသဖြင့် သပိတ်စခန်းဖွင့်၍ ဆန္ဒပြတောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် မတ်လ ၁၃ ရက်နေ့တွင် အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာန ဦးကို ဇဂ မှ အလုပ်သမား (အလဆ)ု ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ ဖြင့် စတင် တရားစွဲဆိုခဲ့သည်။ ၄၇ ၊ ပုဒ်မ(ဃ)Gust Myanmar စက်ရုံသည် အပြီးပိတ်ပြီဖြစ်၍ နယ်ပြန်သူများ၊ အလုပ်သစ်သို့ ဝင်နေသူများ ရှိသဖြင့် အားလုံးစုံရန် မဖြစ်နိုင်ကြောင်း ရုံးချိန်း သုံးကြိမ် တက်ရောက်ခဲ့ပြီး တစ်ကြိမ်သာ ပျက်ကွက်၍ ဖမ်းဝရမ်းထုတ်ခြင်းခံခဲ့ရသူ Gust Myanmar မှ စက်ရုံ အလုပ်သမား မအေးသူဇာမှ ပြောကြားခဲ့သည်။

## တရားဥပဒေနှင့်မညီဘဲ သားဖြစ်သူအား ဖမ်းဆီးချုပ်နှောင်ထားမှုအား မိဘများ ကန့်ကွက်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပေါက်တောပလောင်ကျေးရွာမှ ကိုမောင်ကျော်လှိုင်အား ဧပြီလ ၅ ရက်နေ့ကတည်းမှ ဖမ်းဆီးထားပြီး ယနေ့အချိန်အထိ တရားစွဲဆိုမှုမရှိသဖြင့် ၎င်း၏မိဘများမှ တရားဥပဒေနှင့်မညီဟုဆိုကာ ဇူလိုင်လ ၁၈ ရက်နေ့တွင် စစ်တွေမြို့ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများရုံး၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကန့်ကွက်ခဲ့ သည်။ ဧပြီလ ၅ ရက်နေ့တွင် ကိုမောင်ကျော်လှိုင်သည် ပေါက်တောပလောင်ကျေးရွာမှ တင်းမရွာသို့ လက်သမားပစ္စည်းများ ယူဆောင်ရန်သွားစဉ် တပ်မတော်မှ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဇွန်လ ၃ ရက်နေ့တွင် တပ်မတော်မှ ၎င်းအား စစ်တွေ အမှတ်  ၅၀ ရဲစခန်းတွင် အပ်နှံခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ (၁)(က ၅၂ ၊((က ဖြင့် အမှုဖွင့် တိုင်ကြား ( ခဲ့သည်။ ကိုမောင်ကျော်လှိုင်အား နှစ်ကြိမ်ရုံးတင်ရာ၌ တရားစွဲဆိုရန် အမှုမပေါ်ပေါက်သဖြင့် တရားစွဲဆိုနိုင်ခြင်း မရှိသည့်အတွက် ၎င်းအား စစ်တွေခရိုင်တရားရုံးမှ မြောက်ဦးခရိုင်တရားရုံးသို့ လွှဲပြောင်းရန် စီစဉ်နေကြောင်း သိရှိရသည်။

ကိုမောင်ကျော်လှိုင်သည် လက်သမား အတတ်ပညာဖြင့် ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေသူဖြစ်ကြောင်း၊ ၎င်း၏ ကိုယ်ပေါ်တွင် မီးလောင်ထားသည့် ဒဏ်ရာများ၊ ဆေးလိပ်ပိုင်းနှင့်ထိုးထားသည့် ဒဏ်ရာများကို တွေ့ရှိရခြင်းကြောင့် သားဖြစ်သူအတွက် စိုးရိမ်ကြောင်း ကိုမောင်ကျော်လှိုင်၏ မိခင်ဖြစ်သူ ဒေါ်စန်းစန်းအေးမှ ပြောကြားခဲ့သည်။

## AA မှ ဖမ်းဆီးသွားသည့် ချင်းရွာလူကြီးအား သေဆုံးလျက် တွေ့ရှိ

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တုန်းမဝကျေးရွာလူကြီး ဦးလှကျော်သည် ဆန်ဝယ်ရန်သွားစဉ် ရက္ခိုင့်တပ်တော်)AA)၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး ဇွန်လ ၅ ရက်နေ့ကတည်းက ပျောက်ဆုံးနေရာ ဇူလိုင်လ ၁၇ ရက်နေ့တွင် သေဆုံးလျက် ပြန်လည် တွေ့ရှိရကြောင်း ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ် ညှိနှိုင်းရေး ကောင်စီ)KACC)မှ ဇူလိုင်လ ၂၁ ရက်နေ့တွင် သတင်း ထုတ်ပြန်ခဲ့သည်။ ဦးလှကျော် ပျောက်ဆုံးနေသည်မှာ ၄၅ ရက်ခန့် ရှိပြီဖြစ်ပြီး၊ ယခုအခါ တုန်းမဝရွာနှင့် တစ်ရက်ခန့်သွားရ သည့် တောင်ကြားတစ်ခုတွင် ၎င်း၏ အလောင်းကို မိသားစုဝင်များမှ ပြန်လည်တွေ့ရှိရခြင်းဖြစ်သည်။

## သံသယဖြင့် နှစ်လနီးပါးကြာဖမ်းဆီးခြင်းခံထားရသည့် ကျောက်ဖြူမြို့ကားအသင်းဥက္ကဋ္ဌ ပြန်လည်လွှတ်မြောက်

ရက္ခိုင့်တပ်တော်)AA) အား ရိက္ခာထောက်ပံ့ပြီး လူသစ်စုဆောင်းပေးသည်ဆိုသည့် သံသယဖြင့် တပ်အတွင်း နှစ်လနီးပါးကြာ ဖမ်းဆီး၊ ချုပ်နှောင်ခြင်းခံထားရသည့် ကျောက်ဖြူမြို့ကားအသင်းဥက္ကဋ္ဌ ဦးကျော်အေးသန်းသည် ဇူလိုင်လ ၂၃ ရက်နေ့၊ ည ၇ နာရီခန့်တွင် ပြန်လည်လွှတ်မြောက်ခဲ့သည်။ မေလ ၂၇ ရက်နေ့တွင် တပ်မတော်၊ ရဲနှင့် ထွေအုပ်တို့ပါဝင်သော ပူးပေါင်းတပ်ဖွဲ့မှ ဦးကျော်အေးသန်းအား ကျောက်ဖြူမြို့အထွက် ကျောက်တလုံးဂိတ်တွင် ဖမ်းဆီးခဲ့ပြီး ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခြင်းမရှိဘဲ ကျောက်ဖြူမြို့ အခြေစိုက် တပ်ရင်း ၃၄ တွင် နှစ်လနီးပါးကြာ ဖမ်းဆီး၊ စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ဦးကျော်အေးသန်းသည် ကျောက်ဖြူကားအသင်း ဥက္ကဋ္ဌတစ်ဦးဖြစ်သလို လူမှုရေးလုပ်ငန်းများ၊ ကိုဗစ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများအား တတ်ကြွစွာ ပါဝင်လုပ်ဆောင်နေသူဖြစ်သည်။

## တပ်မတော်သားနှစ်ဦးမှ ကရင်အမျိုးသမီးတစ်ဦးအား ပစ်သတ်

ဇူလိုင်လ ၁၆ ရက်နေ့တွင် တပ်မတော် စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် မှ (၄၀၉) လက်အောက်ခံ တပ်ရင်းခမရ (၈) တပ်မတော်သား နှစ်ဦးမှ ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဘူးသို နှင့်ဒွယ်လိုး မြို့နယ်၊ ပိုလိုထာကျေးရွာမှ ကရင်အမျိုးသမီး နော်မုနော်အား ပစ်သတ်ခဲ့ကာ ၎င်း၏ ရွှေဆွဲကြိုးကို ယူခဲ့သည်။ နော်မုနော်အား ပစ်သတ်ခဲ့သော တပ်မတော်သား နှစ်ဦးကို ဇူလိုင်လ ၁၇ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး ဇူလိုင်လ ၂၉ ရက်နေ့တွင် စစ်တရားရုံးမှ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဇူလိုင်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ဇူလိုင်လ ၂၈ ရက်နေ့တွင် ဖာပွန်ခရိုင်၊

ဘူးသို နှင့်ဒွယ်လိုး မြို့နယ်များရှိ ကျေးရွာပေါင်း ၁၁၄ ရွာမှ ဒေသခံ ၄၆၅၀ ဦး တို့မှ ဖာပွန်မြို့နှင့် ကမမောင်းမြို့များသို့ ချီတက်ဆန္ဒပြခဲ့ကြပြီး တရားမျှတမှု နှင့် ၎င်းတို့ဒေသတွင် တပ်မတော်က အရပ်သားများ အပေါ် သတ်ဖြတ်မှုများ အဆုံးသတ်ရေးကို တောင်းဆိုခဲ့ကြသည်။ ထိုဆန္ဒပြပွဲသည် တစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက် ဖြစ်ပြီး ဇူလိုင်လ ၂၂ ရက်နေ့တွင်လည်း ကျေးရွာ ၃၅ ရွာမှ ဒေသခံ ၁၅၀၀ ကျော်တို့မှ တပ်မတော် စခန်းများ၏ အပြင်ဘက်၌ ဆန္ဒပြခဲ့ကြသည်။

## ရှမ်းနီလူမျိုး ကျောင်းသား နှစ်ဦး KIA တပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်ခြင်းခံရ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ပါဟုတ်ကြီးကျေးရွာမှ ရှမ်းနီလူမျိုး အသက် ၁၇ နှစ်အရွယ် န၀မတန်းကျောင်းသား မောင်ဇော်မျိုးဦး နှင့် မုံရွာတက္ကသိုလ်တွင် အင်္ဂလိပ်စာပထမနှစ် အဝေးသင်တက်ရောက်မည့် မောင်သန့်ဇင်အောင် တို့သည် ကချင်လွတ်မြောက်ရေးတပ်မတော် )KIA) တပ်ဖွဲ့ဝင် ငါးဦး၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ပါဟုတ်ကြီးကျေးရွာအနီးရှိ ဆယ်ဇင်းကျေးရွာတွင် KIA တပ်ဖွဲ့ဝင် ငါးဦး စီးလာသည့်ကားကို ထိုကျောင်းသား နှစ်ဦး စီးလာသည့် ဆိုင်ကယ်မှ တိုက်မိရာမှ အချင်းများ၍ ရန်ပွဲဖြစ်ပွားခဲ့ကာ ထိုကျောင်းသား နှစ်ဦးကို KIA တပ်ဖွဲ့ဝင်များမှ ဇူလိုင်လ ၆ ရက်နေ့၌ ဖမ်းဆီးသွားခဲ့ခြင်း ဖြစ်သည်။ ဇူလိုင်လ ၂၂ ရက်နေ့တွင် KIA မှ ၎င်းတို့၏ ဘာသာရေးဆရာမှတစ်ဆင့် ထိုအကြောင်းကို ဆက်သွယ် ပြောကြား ခဲ့သည်ဟု မောင်သန့်ဇင်အောင်၏ ဖခင်ဖြစ်သူ ဦးအိုက်ဆန်းမှ ပြောကြားခဲ့သည်။ စစ်ဆေးမေးမြန်းမှုများပြီးစီးပါက ကျူးလွန် သူများကို အရေးယူသွားမည်ဖြစ်ပြီး သေဆုံးသွားသူ နှစ်ဦး၏ မိဘများကိုလည်း တောင်းပန်သွားမည် ဖြစ်ကြောင်း KIA ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူမှ ပြောကြားခဲ့သည်။

## တပ်မတော်မှဖမ်းပြီး နှိပ်စက်ခဲ့သည်ဟု မြောက်ဦးမှ လူငယ်တစ်ဦး ထုတ်ဖော် ပြောကြား

ဇူလိုင်လ ၂၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ နရန်းကျေးရွာ၌ တပ်မတော်စစ်ကြောင်းတစ်ခု မိုင်းဆွဲတိုက်ခိုက် ခြင်းခံခဲ့ရပြီးနောက် တပ်မတော်မှ ပါးတော်ကျေးရွာမှ ကိုထွန်းထွန်းဝင်းအား ဖမ်းဆီ၊ းရိုက်နှက်ခဲ့သည်။ ကိုထွန်းထွန်းဝင်းသည် မင်းပြားမြို့မှ ဈေးသွားဝယ်ပြီး ပြန်လာစဉ် လမ်း၌ တပ်မတော်စစ်ကြောင်းနှင့်တွေ့ခဲ့ပြီး ဖမ်းဆီးခြင်းခံခဲ့ရခြင်း ဖြစ်သည်။ ဖမ်းဆီး၊ထိန်းသိမ်းခံနေရစဉ်အတွင်း တပ်မတော်မှ ၎င်း၏လက်ကိုင်ဖုန်းအား စစ်ဆေးခဲ့ပြီး ရက္ခိုင့်တပ်တော်)AA) အဖွဲ့ဝင် ဟုတ်၊မဟုတ် မေးမြန်းပြီး တပ်မတော်သား သုံးဦးမှ ထိုးကြိတ်ခဲ့ခြင်းကြောင့် ၎င်း၏မျက်နှာနှင့် ခန္ဓာကိုယ်တွင် ထိခိုက်ဒဏ်ရာ များ ရရှိခဲ့သည်။ ထိုကဲ့သို့ ဝိုင်းဝန်းထိုးကြိတ်ခဲ့ပြီးနောက် သုံးနာရီခန့်အကြာတွင် ၎င်းအား ပြန်လည်လွှတ်ပေးခဲ့သည်။

## ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်ကျေးရွာမှ လူငယ်တစ်ဦးကို ပြန်လည် လွှတ်ပေး

တပ်မတော်စစ်ကြောင်း တစ်ခုမှ ၎င်းတို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်ကျေးရွာ မှ ကိုစိုးအောင် ရက်နေ့တွင် ၂၆ ရက်နေ့ ညနေတွင် ပြန်လည် လွှတ်ပေးခဲ့သည်။ ဇူလိုင်လ ၂၇ မောင်ဘိလပ်အား ဇူလိုင်လ (ခ) ခန့်သည် ၆၀ တပ်မတော်သား အင်အား ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်ကျေးရွာအတွင်းသို့ ဝင်ရောက်လာခဲ့ ပြီး ရွာသားများကို စစ်ဆေးခဲ့ကာ ရွာသား သုံးဦးဖြစ်သည့် ကိုစိုးအောင် မောင်ဘိလပ်၊ မောင်ကုလားနှင့် မောင်စင်ကြီး တို့အား (ခ) မောင်ဘိလပ်အား ဖမ်းဆီး (ခ) ဖမ်းဆီးခဲ့သည်။ ၎င်းတို့ သုံးဦးအနက် နှစ်ဦးအား ပြန်လည် လွှတ်ပေးခဲ့သော်လည်း ကိုစိုးအောင် မောင (ခ) ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခြင်းခံရသူ ကိုစိုးအောင််ဘိလပ်သည် ကျေးရွာအတွင်း မိသားစုများနှင့် ကြက်မွေးမြူရေး လုပ်ကိုင်နေသူ တစ်ဦး ဖြစ်သည်။

## ရခိုင်ပြည်နယ်တွင် ယခုနှစ်အတွင်း တပ်မတော်မှ ဖမ်းဆီးသွားပြီးနောက် သတင်းအစအန ပျောက်ဆုံးနေသူ ၃၀ ဦးခန့်ရှိ

ရခိုင်ပြည်နယ်တွင် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ မှ ဇူလိုင်လအထိ ရက္ခိုင့်တပ်တော်(AA)နှင့်ပတ်သက်ဆက်နွယ်သည်ဟုဆိုကာ တပ်မတော်မှ သံသယဖြင့် ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် သတင်းတစ်စုံတစ်ရာမရရှိဘဲ ပျောက်ဆုံးလျက်ရှိသူ ၃၀ ဦးခန့် အထိရှိနေကြောင်း DMG မှ ကောက်ယူရရှိ ထားသည့် စာရင်းအရသိရှိရသည်။ ပျောက်ဆုံးနေသူများမှာ တောင်ကုတ်မြို့နယ်၊ ကမာကျေးရွာမှ (၂) ဦး၊ ချက်ဖောက်ကျေးရွာမှ (၁)ဦး၊ လမူးမော်စံပြကျေးရွာမှ (၁)ဦးဖြစ်သည်။ ထို့ပြင် ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းကျေးရွာမှ (၂) ဦး၊ ကျောက်တော်မြို့နယ်၊ ခေါင်းတုတ်ကျေးရွာမှ (၂) ဦး၊ တင်းမကျေးရွာမှ (၁၈) ဦးနှင့် မင်းပြားမြို့နယ်၊ ဖားပြိုကျေးရွာမှ (၂) ဦး၊ နရမ်းကျေးရွာမှ (၂)ဦးတို့ ဖြစ်ကြသည်။ အလားတူ မင်းပြားမြို့နယ်၊ ဖားပြိုကျေးရွာမှ ကိုသန်းရွှေ နှင့် ၎င်း၏ညီဝမ်းကွဲတော်စပ်သူ ကိုမောင်ဝင်းရွှေတို့နှစ်ဦးမှာ မေလ ၁ ရက်နေ့တွင် မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီးတွင် ဖမ်းဆီးခြင်းခံခဲ့ရပြီး ယနေ့အချိန်အထိတင်းမရရှိသေးဟု ၎င်း၏ မိသားစုမှ ပြောကြားခဲ့သည်။

## ချိန်ခါလီကျေးရွာအတွင်း ပစ်သတ်ခြင်းခံခဲ့ရသည့် အမျိုးသားအလောင်းကို အိမ်သာကျင်းအတွင်း၌ တွေ့ရှိ

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ချိန်ခါလီကျေးရွာအတွင်း တပ်မတော်သားများမှ သေနတ်ဖြင့်ပစ်သတ်ခဲ့သည်ဟုဆိုသော ရွာသား ဦးထွန်းမောင်စိန်၏အလောင်းကို ဇူလိုင်လ ၃၁ ရက်နေ့တွင် ၎င်း၏နေအိမ်အနောက်ဘက်ရှိ အိမ်သာကျင်းအတွင်း၌ တွေ့ရှိခဲ့ကြောင်း မိသားစုဝင်များထံမှ သိရှိရသည်။ ဇူလိုင်လ ၁၃ ရက်နေ့တွင် ချိန်ခါလီကျေးရွာအနီး၌ တပ်မတော်နှင့် ရက္ခိုင့်တပ်တော်(AA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် ရွာသားများ ဘေးလွတ်ရာသို့ ထွက်ပြေးကြရာတွင် ရွာသားအချို့မှာ ထွက်ပြေးခွင့်မရဘဲ ပိတ်မိနေခဲ့ကြသည်။ ထိုအချိန်တွင် ရွာအတွင်းသို့ ဝင်ရောက်လာသည့် တပ်မတော်သားအချို့မှ နေအိမ်၌ ပုန်းခိုနေသည့် ဦးမောင်ထွန်းစိန်အား နေအိမ်ရှေ့သို့ခေါ်ယူပြီး ရင်ဘတ်ကို သေနတ်ဖြင့်တည့်ကာ ပစ်သတ်ခဲ့သည်ဟု အတူပုန်းခိုနေသည့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဦးတင်ညွန့်မှ ပြောကြားခဲ့သည်။ ရွာမှထွက်ပြေးနေကြသည့် ချိန်ခါလီကျေးရွာသား များ ယခုရက်ပိုင်းအတွင်း ကျေးရွာသို့ပြန်လည်ရောက်ရှိ နေထိုင်ခဲ့ကြရာ ပျောက်ဆုံးနေသည့် ဦးမောင်ထွန်းစိန်၏ အလောင်း ကို ၎င်း၏နေအိမ်အနောက်ဘက် အိမ်သာကျင်းအတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် တပ်မတော်စစ်ကြောင်းမှ ချိန်ခါလီကျေးရွာအတွင်း ပစ်ခတ်မှုမရှိကြောင်းနှင့် အရပ်သားသေဆုံးမှုလည်းမရှိဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်ချုပ်ထွန်းထွန်းညီမှ ပြောကြားခဲ့သည်။

# အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

### ဖမ်းဆီးခံရခြင်းများ

**မြောက်ဦးတွင် တပ်မတော်စစ်ကြောင်းမှ ရွာသားသုံးဦးကို ဖမ်းဆီး**
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ DMG

**ကျောက်တော်ဈေးသို့ ဘောလုံးသွားဝယ်သည့် လူငယ် နှစ်ဦး ဖမ်းဆီးခြင်းခံရ**
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ နိရဉ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ လွတ်လပ်သောအာရှအသံမြန်မာ/

**တပ်မတော်သားများမှ တောင်ကုတ်မြို့နယ်၊ လမူးမော်စံပြကျေးရွာမှ ရွာသား တစ်ဦးကို ဖမ်းဆီး**
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ DMG/မြန်မာ

**တပ်မတော်မှ ကျောက်ဖြူမြို့နယ်၊ လေးတောင်ကျေးရွာမှ ဒေသခံ နှစ်ဦးကို ဖမ်းဆီး**
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ လွတ်လပ်သောအာရှအသံ ၏ လူမှုကွန်ရက်စာမျက်နှာမြန်မာ/

**ဖမ်းဆီးခြင်းခံရသော ကျောက်ဖြူဇင်ချောင်း ဒေသခံ လေးဦးအနက် နှစ်ဦး ပြန်လွတ်၊ နှစ်ဦးကို ဆက်လက် ခေါ်ဆောင်–**
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ နိရဉ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၄  ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ ဒီဗွီဘီမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၉  ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ BNI

**မိုင်းပေါက်ကွဲမှုသံသယဖြင့် အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့ ဖမ်းဆီးခေါ်ဆောင် စစ်ဆေးခြင်းခံရ**
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ BNI/မြန်မာ

**ရမ်းဗြဲမြို့နယ်၊ အလယ်ချောင်းကျေးရွာမှ ရွာသား ခြောက်ဦးကို ဖမ်းဆီး**
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ နိရဉ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ နိရဉ္စရာ

ကျောက်ဖြူဒေသခံနှစ်ဦးကို ဖမ်းဆီး
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့၊ DMG

မအီမြို့တွင် လူငယ် နှစ်ဦး ဖမ်းဆီးခြင်းခံရ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ BNI/မြန်မာ

ကျောက်ဖြူမြို့နယ်မှ ဒေသခံနှစ်ဦး AAနှင့်ဆက်နွယ်မှုသံသယဖြင့် ဖမ်ဆီးခြင်းခံရ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ DMG

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဖမ်းဆီးမှုများ

ပလက်ဝမြို့နယ်မှ ချင်းလူငယ်လေးဦးကို မှ ဖမ်းဆီးခေါ်ဆောင် AA
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ 7 Day News/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ

## တရားစွဲဆိုခံရခြင်းများ

ကိုဗစ်လူနာသေဆုံးမှုကိစ္စ ထောက်ပြဝေဖန်ရေးသားခဲ့သည့် Eleven သတင်းထောက် တရားစွဲဆိုခြင်းခံရ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဒီဗွီဘီမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ အီလဲဗင်းမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ Myanmar Times
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ အီလဲဗင်း

ဖမ်းဆီးခြင်းခံထားရသည့် ကျောက်တော်၊အပေါက်ဝရွာသား နှစ်ဦး တရားစွဲဆိုခြင်းခံရ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ BNI
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ ဘီဘီစီမြန်မာ/

အငြင်းပွားမြေယာပေါ်တွင် ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းအတွက် တပ်မတော်မှ တောင်သူ ၁၀၅ ဦးကို တရားစွဲဆို
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ လွတ်လပ်သောအာရှအသံမြန်မာ/

ဧရာဝတီရေတပ်စခန်းတွင် ဖမ်းဆီးထားသည့် ရွာသား ရှစ်ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ နရဉ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ ဒီဗွီဘီမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ ဗွီအိုအေမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ နရဉ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ 7 day news/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ နိဉ္စရာ
သတင်းမီဒီယာတွင် ဖြေကြားခဲ့ခြင်းအတွက် ဟုမ္မလင်းမြို့နယ်မှ ရွာသား တစ်ဦးကို ဖမ်းဆီး၊ တရားစွဲဆို
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ BNI/မြန်မာ

စစ်ကိုင်း NDF ပါတီဥက္ကဋ္ဌ နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် တရားစွဲဆိုခြင်းခံရ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ Eleven/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ လွတ်လပ်သောအာရှအသံ၏ လူမှုကွန်ရက်စာမျက်နှာ/မြန်မာ

တပ်မတော်မှ ဖမ်းဆီးထားသည့် စိုင်ခြုံ ရွာသားနှစ်ဦးအနက် တစ်ဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူ၊ တစ်ဦးကို ပြန်လည် လွှတ်ပေး
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ နိရဉ္စရာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ လွတ်လပ်သောအာရှအသံမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ BNI

တပ်မတော်မှ ရေနံ့ဒွိန်ကျေးရွာမှ အမျိုးသမီး သုံးဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ နိရဉ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ Myanmar Now/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ လွတ်လပ်သောအာရှအသံမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ နိရဉ္စရာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ BNI

မန္တလေးတိုင်းဝန်ကြီးချုပ်နှင့် ပြည်ထောင်စု အစိုးရအဖွဲ့အား ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် အကြည်ညိုပျက်ရန် လူမှုကွန်ရက်စာမျက်နှာတွင် ပို့စ်တင်ခဲ့သည်ဟုဆိုကာ အရပ်သား တစ်ဦးကို တရားစွဲဆို
၂၀၂၀ ခုနှစ်၊ ၂၄ ရက်၊ အီလဲဗင်းမြန်မာ/

တပ်ပိုင်မြေပေါ်တွင် ဝင်ရောက်စိုက်ပျိုးသည်ဟုဆိုက တောင်သူ ၆၀ ကို အမှုဖွင့်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ Myanmar Now/မြန်မာ

## တရားရင်ဆိုင်ရခြင်းများ

ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခြင်းခံထားရသည့် မောင်ဆောင်းခ ပထမအကြိမ်ရုံးချိန်းတက်ရောက်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ မဇ္ဈိမမြန်မာ/

ဒေါ်ဆိုရှေ့တောင်သူများအား ချမှတ်ခဲ့သည့် ပြစ်ဒဏ်နှင့်ပတ်သက်၍ ကျေနပ်ခြင်းမရှိသောကြောင့် တပ်မတော်မှ ပြည်နယ် တရားလွှတ်တော်ရုံး၌ ပြင်ဆင်ချက်တက်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ BNI/မြန်မာ

တရားရင်ဆိုင်နေရသည့် ခိုလမ်တောင်သူများ ကိုယ်စားလှယ် ငါးဦးထားရှိရေး တရားရုံးမှ ပြန်လည် ခွင့်ပြု
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်/မြန်မာ

ခမရ ၄၂၄ မှ တရားစွဲဆိုထားသည့် ဆီဆိုင်မြို့မှ တောင်သူ ခုနှစ်ဦးအား တရားရုံးတွင် ခေါ်ယူစစ်ဆေး
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ပြည်သူ့အသံ မြန်မာ/ငေါ်ဝ်း ၏ လူမှုကွန်ရက်စာမျက်နှာခမ်းသား –
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊BNI/မြန်မာ

ရွှေဝါရောင်ဆရာတော်ဦးစိန္တိတ၏ မူလအမှု ပြန်လည် စစ်ဆေးရန် အမိန့်ချ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ Myanmar Now/မြန်မာ

## ပြစ်ဒဏ်ချမှတ်ခံရခြင်းများ

စစ်ပွဲများရပ်တန့်ရေးနှင့်ငြိမ်းချမ်းရေး ဆန္ဒထုတ်ဖော်ပွဲတွင် ပါဝင်ခဲ့သည့် တက်ကြွလှုပ်ရှားသူ ၁၇ ဦးကို အမိန့်ချမှတ်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဒီဗွီဘီ မြန်မာ

ကိုဗစ်ပညာပေး သရုပ်ဖော်ပန်းချီရေးဆွဲသူ သုံးဦးကို အပြစ်မရှိ ၁၉-ိကြောင်း အမိန့်ချမှတ်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ Myanmar Now/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ ဧရာဝတီမြန်မာ/

ရက္ခိုင်ကျောင်းသားများသမဂ္ဂအဖွဲ့ဝင် နှစ်ဦးအား ထောင်ဒဏ် တစ်လစီ အမိန့်ချမှတ်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ DMG ၏လူမှုကွန်ရပ် စာမျက်နှာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ နိရဥ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ BNI

## ထောင်မှလွတ်မြောက်မှုများ

သံသယဖြင့်ဖမ်းဆီးခြင်းခံခဲ့ရသော ပညာရေးဝန်ထမ်းနှစ်ဦး အမှုမမြောက်၍ ပြန်လည်လွတ်မြောက်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ နိရဥ္စရာ

ရက္ခိုတပြကွဒိန်ထုတ်ဝေရောင်းချမှုကြောင့် ထောင်ဒဏ်ချမှတ်ခြင်းခံထားရသူ လေဦးအနက် သုံးဦး လွတ်မြောက်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ နိရဥ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ နိရဥ္စရာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ DMG

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

ဖမ်းဆီးခြင်းခံထားရသည့် ကျောက်တော်ဒေသခံနှစ်ဦး ရောဂါအခံဖြင့် သေဆုံးသွားသည်ဆိုသည့်အပေါ် မိသားစုဝင်များ လက်မခံ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ DMG ၏ လူမှုကွန်ရပ်စာမျက်နှာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ DMG

တပ်မတော်မှ ဖမ်းဆီးသွားသည့် မင်းပြားဒေသခံနှစ်ဦး၏ သတင်းအစနလေးလကျော်ကြာသည်အထိ ရရှိခြင်းမရှိ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ DMG

ရသေ့တောင်တွင် တပ်မတော်သား သုံးဦးမှ အဓမ္မပြုကျင့်ခဲ့ကြောင်း ဒေသခံ အမျိုးသမီး တစ်ဦး ပြောကြား၊ တပ်မတော်မှ ငြင်းဆို
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ နိရဥ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ နိရဥ္စရာမြန်မာ/

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ လွတ်လပ်သောအာရှအသံ သတင်းဌာန၏ လူမှုကွန်ရက်စာမျက်နှာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ လွတ်လပ်သောအာရှအသံမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ လွတ်လပ်သောအာရှအသံမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ လွတ်လပ်သောအာရှအသံ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ DMG/မြန်မာ

ကျောက်တော်အပေါက်ဝကျေးရွာမှ ဖမ်းဆီးခြင်းခံထားရသည့် ရွာသား ငါးဦးအနက် နှစ်ဦး ပြန်လည် လွတ်မြောက်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ နိုရဉ္စရာမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ နိုရဉ္စရာ

တပ်မတော်စစ်ကြောင်းတစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားသည့် မြောက်ဦးဒေသခံ သုံးဦး ပြန်လည် လွတ်မြောက်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ DMG/မြန်မာ

တပ်မတော်ယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခြင်းခံခဲ့ရမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခဲ့သည့် မသင်္ကာသူ ၁၂ ဦးမှာ AA နှင့် ဆက်နွယ်မှုမရှိသည့်အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ထံသို့ လွှဲပြောင်း
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ အီလဲ့ဗင်းမြန်မာ/

ဆီဆိုင်မြို့နယ်တွင် တောင်သူ ၁၀ ဦးကျော် စိုက်ပျိုးထားသည့် ပြောင်းပင်ဧက ၂၀ ကျော် ဖျက်ဆီးခြင်းခံရ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ ဒီဗွီဘီမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ BNI/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ Shan News/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ လွတ်လပ်သောအရှအသံမြန်မာ/
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ Shnnews

ကစ္စပနဒီတံတားအနီးဖမ်းဆီးခဲ့သည့် ရွာသား သုံးဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူမည်ဟု တပ်မတော် ထုတ်ပြန်
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ DMG

ကျောက်တော်မြို့ ကုလားတန်မြစ်ကမ်းစပ်တွင် တပ်မတော်မှ ဖမ်းဆီးထားသူ တစ်ဦး၏ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု တွေ့ရှိ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ DMG/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ DMG
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ လွတ်လပ်သောအာရှအသံမြန်မာ/

စစ်ဆေးရေးဂိတ် တည်ဆောက်မည့်နေရာကို ကန့်ကွက်သည့် ဒေသခံ သုံးဦး ရာဘာကျည်ဖြင့် ပစ်ခတ်ခြင်းခံရ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ Myanmar Now/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ အီလဲ့ဗင်း မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ လွတ်လပ်သောအာရှအသံ မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ 7 Day News/မြန်မာ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ The Voice Myanmar/မြန်မာ

တောင်ကုတ်ဒေသခံတစ်ဦး ဖမ်းဆီးခံရမှု တစ်လကျော်ကြာသည့်တိုင် သတင်းအစအန ပျောက်နေ
၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ DMG/မြန်မာ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ DMG

တပ်မတော်မှ ဖမ်းဆီးထားသော ရမ်းဗြဲမြို့နယ်၊ ကျောက်ဆောက်ကျေးရွာမှ ရွာသား တစ်ဦးနှင့်အဆက်အသွယ် ရရှိခြင်းမရှိသဖြင့် မိသားစုများစိုးရိမ်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ BNI/မြန်မာ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ နိုရွှေရာမြန်မာ/

ကျောက်မဲတွင် ဆန္ဒထုတ်ဖော်ပွဲ ဦးဆောင်သူများအား တပ်မတော်မှ တရားစွဲမည်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ BNI/မြန်မာ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ BNI

တပ်မတော်စစ်ကြောင်းမှ ဖမ်းဆီး ခေါ်ဆောင်သွားသည့် မြောက်ဦးရွာဟောင်းတောမှ လူငယ်နှစ်ဦး ပြန်လည်လွတ်မြောက်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ BNI/မြန်မာ

ဖမ်းဆီးခြင်းခံထားရသည့် မအီမြို့ ANP ဥက္ကဋ္ဌ ပြန်လည်လွတ်မြောက်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ BNI/မြန်မာ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊BNI

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ နိုရွှေရာမြန်မာ/

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ DMG

တပ်မတော်မှ ဖမ်းဆီး၍ မအီမြို့မရဲစခန်း၌ ထိန်းသိမ်းထားသည့် ရွာသား တစ်ဦး ကြိုးဆွဲချသတ်သေ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဒီဗွီဘီမြန်မာ/

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ DMG/မြန်မာ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ Myanmar Now/မြန်မာ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ DMG

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ BNI

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ Myanmar Now

အင်တာနက်ဖြတ်တောက်မှု တစ်နှစ်ပြည့် လှုပ်ရှားမှုပြုလုပ်ခဲ့သည့် ရခိုင်လူငယ် နှစ်ဦးကို ခံဝန်ဖြင့် ပြန်လွှတ်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ နိုရွှေရာမြန်မာ/

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ ဒီဗွီဘီမြန်မာ/

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊BNI

အောင်သပြေရွာသားများအား ရုံးထုတ်ရာတွင် ဝန်းရံသူများနှင့် ရဲတပ်ဖွဲ့ဝင်များကြား ရန်းရင်းဆန်ခတ်ဖြစ်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ Myanmar Now၏ လူမှုကွန်ရက်စာမျက်နှာ၊ မြန်မာ

ရုံးချိန်းတက်ရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် အလုပ်သမား ၇၁ ဦးကို ဖမ်းဝရမ်းထုတ်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ ဧရာဝတီမြန်မာ/

တရားဥပဒေနှင့်မညီဘဲ သားဖြစ်သူအား ဖမ်းဆီးချုပ်နှောင်ထားမှုအား မိဘများ ကန့်ကွက်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ နိုရွှေရာမြန်မာ/

AA မှ ဖမ်းဆီးသွားသည့် ချင်းရွာလူကြီးအား သေဆုံးလျက် တွေ့ရှိ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဧရာဝတီမြန်မာ/

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ ဧရာဝတီ

သံသယဖြင့် နှစ်လနီးပါးကြာဖမ်းဆီးခြင်းခံထားရသည့် ကျောက်ဖြူမြို့ကားအသင်းဥက္ကဋ္ဌ ပြန်လည်လွတ်မြောက်

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ BNI/မြန်မာ

[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ BNI/မြန်မာ]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ နိရဥ္စရာ]

**တပ်မတော်သားနှစ်ဦးမှ ကရင်အမျိုးသမီးတစ်ဦးအား ပစ်သတ်**

[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ မဇ္ဈိမ]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ လာအုံ]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဧရာဝတီ]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ မဇ္ဈိမ]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ ဧရာဝတီမြန်မာ/]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ/မြန်မာ]

**ရှမ်းနီလူမျိုး ကျောင်းသား နှစ်ဦး KIA တပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်ခြင်းခံရ**

[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဧရာဝတီမြန်မာ/]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ BNI]

**တပ်မတော်မှဖမ်းပြီး နှိပ်စက်ခဲ့သည်ဟု မြောက်ဦးမှ လူငယ်တစ်ဦး ထုတ်ဖော် ပြောကြား**

[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ လွတ်လပ်သောအာရှအသံမြန်မာ/]

**ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်ကျေးရွာမှ လူငယ်တစ်ဦးကို ပြန်လည် လွှတ်ပေး**

[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ နိရဥ္စရာမြန်မာ/]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ DMG/မြန်မာ]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ နိရဥ္စရာမြန်မာ/]

**ရခိုင်ပြည်နယ်တွင် ယခုနှစ်အတွင်း တပ်မတော်မှ ဖမ်းဆီးသွားပြီးနောက် သတင်းအစအန ပျောက်ဆုံးနေသူ ၃၀ ဦးခန့်ရှိ**

[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ DMG/မြန်မာ]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ DMG]

**ချိန်ခါလီကျေးရွာအတွင်း ပစ်သတ်ခြင်းခံခဲ့ရသည့် အမျိုးသားအလောင်းကို အိမ်သာကျင်းအတွင်း၌ တွေ့ရှိ**

[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ နိရဥ္စရာ/မြန်မာ]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ DMG/မြန်မာ]
[၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ Myanmar Now/မြန်မာ]

**ဆက်သွယ်မေးမြန်းရန်**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၈၀၂ ၃၈၂၈
ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၅၃၀ ၈၈၄၀
အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈